ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်၊ ဗုဒ္ဓဟူးနေ့ (15-12-2010) (ဖြေ၁၃)

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# လက်ဖက်စိုက်ပျိုးခြင်းဖြင့် ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းသစ်တစ်ရပ်ဖြစ်ပေါ်ပြီး ဝင်ငွေရရှိနိုင်သည့်အတွက် အောင်မြင်ဖြစ်ထွန်းအောင် အားပေးကူညီဆောင်ရွက်

## လက်ဖက်အပါအဝင် နှစ်ရှည်ပင်များတိုးချဲ့စိုက်ပျိုးပြီး ပုပ္ပားတောင်ဒေသ စိမ်းလန်းစိုပြည်ရေး ဆက်လက်ထိန်းသိမ်း

နေပြည်တော်  ဒီဇင်ဘာ  ၁၄

မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် ပုပ္ပားတောင်ဒေသ စိမ်းလန်းစိုပြည်ရေးနှင့် လက်ဖက်စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရန် မော်တော်ယာဉ်ဖြင့် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ဒေသသို့ ရောက်ရှိသည်။



ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တင်ဝင်းထွန်းကုမ္ပဏီ ဒါရိုက်တာ ဦးသိန်းဝင်းအောင်နှင့် ဝန်ထမ်းများက ကြိုဆိုကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များအား ပုပ္ပားတောင်ဥယျာဉ် လက်ဖက်စိုက်ခင်းရှိ ရှင်းလင်းဆောင်၌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်အရ မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးတိုင်းဒေသကြီး ပုပ္ပားတောင်ဒေသနှင့် မကွေးတိုင်းဒေသကြီး နတ်ရေကန်တောင်ဒေသတို့၌ လက်ဖက်စိုက်ခင်းများကို ၂၀၀၈ ခုနှစ်မှစ၍ အကောင်အထည်ဖော် စိုက်ပျိုးခဲ့ပါကြောင်း။

မြန်မာနိုင်ငံ ပုပ္ပားတောင်ဒေသ၌ လက်ဖက်စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် ဒေသအသက်မွေးဝမ်းကျောင်းလုပ်ငန်းသစ် ပေါ်ထွက်လာစေသည်သာမက ဒေသသုံး လက်ဖက်ခြောက်များ လွယ်လင့်တကူရရှိစေနိုင်မည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားပြီးနောက် ပုပ္ပားတောင်ဒေသ၌ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တင်ဝင်းထွန်း ထုတ်လုပ်မှုကုမ္ပဏီ ပုပ္ပားတောင်စံပြလက်ဖက်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

### လမ်းညွှန်မှာကြား

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပုပ္ပားတောင်ဒေသ စိမ်းလန်း စိုပြည်ရေးနှင့် စပ်လျဉ်း၍ လမ်းညွှန်မှာကြားစဉ်။**

(သတင်းစဉ်)





ကြေးမုံ The Mirror

၁၅-၁၂-၂၀၁၀
(ဗုဒ္ဓဟူးနေ့)

# နိုင်ငံ့စီးပွား စိုက်ပျိုးရေးဖြင့် မြှင့်တင်

နိုင်ငံ့စီးပွားရေးကိုမြှင့်တင်ရာတွင် စိုက်ပျိုးရေးကိုအခြေခံပြီး ကဏ္ဍစုံ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းလျက်ရှိသည်။ လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးကို ရည်မှန်းချက်ထားရှိ ဖော်ဆောင်နေသည်။

စိုက်ပျိုးရေးတွင် အဓိကလိုအပ်သည့် စိုက်ပျိုးရေလုံလောက်စွာရရှိရေးကို အလေးထားဖြည့်ဆည်းပေးနေသည်။ နိုင်ငံတစ်ဝန်း ဆည်တမံ ရေထိန်းတံခါးပေါင်း နှစ်ရာကျော် တည်ဆောက်ပေးခဲ့ပြီ။ ဆည်တမံ မတည်ဆောက်နိုင်သည့်ဒေသများတွင် မြစ်ရေတင်လုပ်ငန်း သုံးရာကျော်နှင့် ရေတွင်းပေါင်း ရှစ်ထောင်ကျော် တူးပေးထားပြီ။ ဆည်ရေသောက်စိုက်ပျိုးမြေဧက နှစ်သန်းကျော်အထိ ရှိနေပြီ။

တစ်ဖက်မှလည်း မြေလွတ်မြေရိုင်းများကို ဖော်ထုတ်စိုက်ပျိုးလာကြပြီ။ မြေလွတ်မြေရိုင်းဧက ၂၆ သန်းကျော်ရှိသည့်အနက် ဧက ၁၁ သန်းကျော်ကို စိုက်ပျိုးမြေအဖြစ် ဖော်ထုတ်ပေးနိုင်ခဲ့ပြီဖြစ်သည်။ ရေ၊ မြေ၊ ရာသီဥတု ကောင်းမွန်သည့်အလျောက် စပါး၊ ဂျုံ၊ ပြောင်းစသည့် နှံစားသီးနှံများ၊ နှမ်း၊ မြေပဲ၊ နေကြာစသည့် ဆီထွက်သီးနှံများ၊ ဝါ၊ ဂုန်လျှော်၊ ကြံစသည့် စက်မှုကုန်ကြမ်းသီးနှံများနှင့် ပဲမျိုးစုံတို့ စိုက်ပျိုးအောင်မြင်လျက်ရှိသည်။

ဆန်စပါးအပါအဝင် ဈေးကွက်ရှိသောသီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် တစ်ဧကအထွက်နှုန်းတိုးရေးအတွက် ခေတ်မီစိုက်ပျိုးရေးနည်းစနစ်သစ်များ အသုံးပြုနေကြပြီ။ သီးထပ်သီးညှပ်စိုက်ပျိုး အကျိုးဖြစ်ထွန်းနေကြပြီ။ သီးနှံမျိုးကောင်းမျိုးသန့်များ အသုံးပြုစိုက်ပျိုးကြခြင်းဖြင့် အရည်အသွေးမြင့်သီးနှံများ ပြည်ပဈေးကွက်သို့ ပိုမိုတင်ပို့နိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

ယခုအခါ စိုက်ပျိုးမြေဧကပေါင်း ၅၇ သန်းကျော် တိုးတက်လာခဲ့ပြီ။ မိုးစပါးဧက ၁၆ သန်းကျော်နှင့် နွေစပါးဧက သုံးသန်းကျော် စိုက်ပျိုးလျက်ရှိရာ တစ်နှစ်စပါးအထွက်တင်း သန်းပေါင်း ၁၅၆ ကျော်ထွက်ရှိနေပြီဖြစ်သည်။ ပဲတီစိမ်း၊ ပဲစင်းငုံနှင့် မတ်ပဲတို့ကို ပြည်ပသို့ အများဆုံး တင်ပို့လျက်ရှိသည်။ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်တင်ပို့မှုတွင် အရှေ့တောင်အာရှဒေသအတွင်း နာမည်ရ မျက်နှာပန်းလှနေသည်။

နိုင်ငံတော်က လယ်ယာကဏ္ဍတွင် တိုးတက်ပြောင်းလဲနေသည့် ခေတ်မီစိုက်ပျိုးရေးနည်းပညာနှင့် လိုအပ်ချက်များကို အခါမလပ် အားပေးကူညီဖြည့်ဆည်းပေးလျက်ရှိရာ လယ်ယာစီးပွားကိုအခြေခံပြီး စက်မှုနိုင်ငံအဖြစ် အဆင့်ဆင့်တက်လှမ်းသွားနိုင်ရေး စိုက်ပျိုးရေးအခြေခံကောင်းများကို အရှိန်အဟုန်ဖြင့် မြှင့်တင်ကြိုးပမ်းသွားကြရမည်ဖြစ်ပါသည်။ ။




## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင် မြို့နယ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဒီဇင်ဘာ ၆ ရက်က မြစ်ကြီးနားမြို့ ပြည်နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ပြည်နယ်ပညာရေးကောလိပ်နှင့် သူနာပြုသင်တန်းကျောင်းတို့မှ ကျောင်းသူများ၊ ရပ်မိရပ်ဖများ၊ ဘောလုံးအားကစားဝါသနာရှင်များ၊ ဒိုင်အဖွဲ့နှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးနှင့် ဧည့်ပရိသတ်တို့က ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ခြင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ အသင်းလိုက် ပထမ၊ ဒုတိယ တစ်ဦးချင်းဆုများ ၊ နေရာအလိုက်အကောင်းဆုံးဆုများ၊ အသင်းလိုက် အသန့်ရှင်းဆုံးဆုဖလားနှင့် ငွေသားဆုများ၊ အသင်းလိုက်ပထမ၊ ဒုတိယဆုဖလားနှင့် ငွေသားဆုများကို တာဝန်ရှိသူများကပေးအပ်ကြပြီး တံခွန်စိုက်ဆုဖလားရရှိသည့် မြစ်ကြီးနားမြို့နယ်အသင်းအား တိုင်းမှူးက တံခွန်စိုက်ဆုဖလားကြီးကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အမှတ်(၂)လျှပ်စစ် ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် ညောင်ပင်ကြီး ပင်မဓာတ်အားခွဲရုံ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၁၄

**အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်သည် ဒီဇင်ဘာ ၉ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် (၂၃၀)ကေဗွီ ညောင်ပင်ကြီး ပင်မဓာတ်အားခွဲရုံ တိုးချဲ့တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိပြီး ပင်မဓာတ်အားခွဲရုံ Control Building တိုးချဲ့တည်ဆောက်နေမှုနှင့် ညောင်ပင်ကြီးခွဲရုံမှ ချောင်းကူးဓာတ်အားလိုင်းအတွက် Switch Yard တိုးချဲ့တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။**

ဆက်လက်၍ ဒုတိယဝန်ကြီးသည် လမ်းတစ်လျှောက်ရှိ ညောင်ပင်ကြီး-ချောင်းကူး **၂၃၀** ကေဗွီ မဟာဓာတ်အားလိုင်းတည်ဆောက်ရေး လုပ်ငန်းခွင်ရှိ ကုမ္ပဏီနှင့် အဖွဲ့အစည်းများမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး မြိုင်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဒုတိယဝန်ကြီးသည် ဒီဇင်ဘာ ၁၀ ရက်က ပေါက်မြို့နယ် ချောင်းကူးကျေးရွာရှိ ချောင်းကူး(ပေါက်) **၂၃၀** ကေဗွီ ပင်မဓာတ်အားခွဲရုံ တည်ဆောက်နေမှုကိုလည်းကောင်း၊ ချောင်းကူး-ကျော **၆၆** ကေဗွီ ဓာတ်အားလိုင်း တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ဓာတ်အားလိုင်းတာဝါတိုင်များ တပ်ဆင်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ ကမ္မမြို့လျှပ်စစ်အင်ဂျင်နီယာမှူးရုံးနှင့် ပခုက္ကူခရိုင်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာစုပေါင်းရုံးတို့၌ ဝန်ထမ်းများနှင့်တွေ့ဆုံခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)



## ကြည့်ရှုစစ်ဆေး

**အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် ညောင်ပင်ကြီး ပင်မဓာတ်အားခွဲရုံ တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းခွင်၌ ကြည့်ရှုစစ်ဆေးစဉ်။**

(လျှပ်စစ်-၂)

# ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနား ညောင်ဦးခရိုင်၌ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းက ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ကျင်းပရာ ညောင်ဦးခရိုင်နှင့် ညောင်ဦးမြို့နယ်ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး၊ ခုခံကျ/ကာလသားတိုက်ဖျက်ရေး အဖွဲ့ခေါင်းဆောင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူးနှင့် ဆရာ၊ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ညောင်ဦးခရိုင်ဥက္ကဋ္ဌ ဦးရန်လင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဥက္ကဋ္ဌ၊ မြို့နယ်ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသည့် တာဝန်ရှိသူများက ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ကာတွန်းနှင့် ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ဝဲပုံ)**

(သတင်းစဉ်)

# အခြေခံပန်းအလှပြုပြင်မှု သင်တန်း ၁/၂၀၁၁ ဖွင့်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူးဖွင့်လှစ်မည့် အခြေခံပန်းအလှပြုပြင်မှုသင်တန်း အမှတ်စဉ် ၁/၂၀၁၁ ကို ၂၀၁၁ခုနှစ် ဇန်နဝါရီ ၁၀ရက်မှ ၁၇ရက်အထိ နေ့စဉ် မွန်းလွဲ ၁ နာရီမှ ညနေ ၃နာရီအတွင်း သင်တန်းသား၊ သင်တန်းသူ ၄၀ ဖြင့် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံးသင်တန်းခန်းမ၌ ဖွင့်လှစ်ရန်စီစဉ်ထားသည်။

သင်တန်းကြေးအဖြစ် ငွေကျပ် ၁၀၀၀၀ သတ်မှတ်ထားပြီး ဂျပန်ပန်းထိုးနည်း (အီကေဘားနား)၊ ရိုးရာပန်းထိုးနည်းနှင့် စိတ်ကြိုက်ပန်းထိုးနည်းများကို ကျွမ်းကျင် နည်းပြများက စာတွေ့ လက်တွေ့ သင်ကြားပေးကြမည်ဖြစ်ရာ ဖုန်း-၃၇၉၃၆၁သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(၄၅)

**ဦးကြံဝင်း - ဒေါ်ကျင်ဝင်းတို့အား ရည်စူး၍ ကျန်ရစ်သူသားသမီး မြေးတစ်စုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်)ရှိ အဆင့်မြင့် ခြောက်ထပ်ဆေးရုံကြီး အထူးခန်းတစ်ခန်းအတွက် အလှူငွေကျပ် ၂၄သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။** (သတင်းစဉ်)




# အထက (၂)ရန်ကင်း အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

အထက(၂) ရန်ကင်း (ယခင် ကျောက်ကုန်းစိန့်မိုက်ကယ်) ကျောင်းတွင် ၁၉၅၉-၆၀ မှ ၂၀၁၀ ခုနှစ်ထိ ပညာသင်ယူခဲ့ကြသော တပည့်ဟောင်းများက ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ အသက် (၆၀) ပြည့် အငြိမ်းစားယူသွားကြသည့် ဆရာ၊ ဆရာမများအား (၁၇) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၃ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် အဆိုပါကျောင်း ရှေ့ဆောင်ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# အထက (၁) မော်ကျွန်း အာစရိယပူဇော်ပွဲကျင်းပမည်

**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၁၄**

မော်လမြိုင်ကျွန်းမြို့၊ ယခင် အစိုးရအထက်တန်းကျောင်း ယခု အထက (၁) မော်ကျွန်း၌ကျောင်းစတင်ဖွင့်လှစ်သည်မှ ၂၀၀၉ ခုနှစ်အထိ ပညာသင်ယူခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၂၆) ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ဒီဇင်ဘာ ၂၆ ရက်(တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် အထက(၁) ကျောင်းရင်ပြင်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းတွင် အနည်းဆုံး တစ်နှစ်တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူခဲ့ကြသည့် အသက် (၆၀) ပြည့် ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြရန်နှင့် လှူဒါန်းလိုသူများသည် ဦးစိုးပိုင် ဖုန်း- ၀၉-၈၆၂၇၂၀၃၊ ဦးစံသိန်း ဖုန်း-၀၄၂- ၅၀၁၅၂၊ ဦးလှစိုး ဖုန်း-၀၄၂ -၅၀၂၁၃၊ ဦးထွန်းထွန်း ဖုန်း-၀၄၂ -၅၀၁၈၂၊ ဦးကိုကိုလွင် ဖုန်း-၀၄၂-၅၀၅၆၆၊ ဒေါက်တာ ဌေးကွန်း ဖုန်း-၀၉-၈၀၂၄၆၅၃၊ ဒေါက်တာခင်ဇော် ဖုန်း-၀၉-၅၀၁၃၉၉၇ နှင့် ဦးအေးကြည် အထက (၁)ကျောင်းအုပ် ဖုန်း- ၀၄၂-၅၀၀၀၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (၃၆၄)

☆ **ရှေ့ဖုံးမှ**

လက်ဖက်စိုက်ပျိုးရန် လိုအပ်သည့် အခြေအနေ၊ ၂၀၀၈ ခုနှစ်မှ ၂၀၁၁-၂၀၁၂ ခုနှစ်အထိ ပုပ္ပားတောင်နှင့် နတ်ရေကန်တောင်ဒေသ၌ လက်ဖက်စိုက်ဧက စုစုပေါင်း ၂၅၀၀ ကျော် စိုက်ပျိုးရန် လျာထားမှုနှင့် စိုက်ပျိုးနိုင်မှု၊ ဒေသအလိုက် လက်ဖက်စိုက်ခင်း တည်ထောင်သည့် ကုမ္ပဏီနှင့် လုပ်ငန်းရှင်များ၊ ၂၀၀၈-၂၀၀၉ မှ ၂၀၁၀-၂၀၁၁အထိ လက်ဖက်စိုက်ခင်းများ ရှင်သန်အောင်မြင်မှုအခြေအနေ၊ ပုပ္ပားတောင်ဒေသ၌ လက်ဖက်ခန့်မှန်းထွက်ရှိနိုင်မှုအခြေအနေနှင့် ပုပ္ပားတောင်ဒေသနှင့် နတ်ရေကန်တောင်ဒေသများ၌ လက်ဖက်စိုက်ပျိုးမှု အခြေအနေများကို မှတ်တမ်းတင်ဓာတ်ပုံများဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးက ပုပ္ပားတောင်အရှေ့ခြမ်း ငှက်ပျောအစားထိုးစိုက်ပျိုးမှုအခြေအနေ၊ ငှက်ပျော အစားထိုး သစ်တောသစ်ပင်နှင့် နှစ်ရှည်သီးပင်များ စိုက်ပျိုးပြီးစီးမှုအခြေအနေများကို တင်ပြရာတွင် ၁၉၉၆ ခုနှစ်မှ စတင်၍ ၂၀၀၉ ခုနှစ် မိုးရာသီအထိ မူလငှက်ပျောစိုက်ဧရိယာ ၅၅၈၄ ဒသမ ၃၂ ဧကအတွင်း ဒေသခံတောင်သူများအား စည်းရုံး၍ သစ်တောသစ်ပင်များ၊ နှစ်ရှည်သီးပင်များ ရာနှုန်းပြည့် အောင်မြင်စွာ အစားထိုးစိုက်ပျိုးနိုင်ခဲ့ပါကြောင်း၊ အဆိုပါ ဧရိယာအတွင်း သစ်တောသစ်ပင်ပေါင်း ၁၃ သိန်းကျော်၊ နှစ်ရှည်သီးပင်ပေါင်း သုံးသန်းခန့်ကို ဒေသခံတောင်သူများအား စည်းရုံး၍ အစားထိုးစိုက်ပျိုးနိုင်ခဲ့ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲက သိရှိလိုသည်များကို မေးမြန်းပြီးနောက် ပုပ္ပားတောင်ဒေသအတွင်း လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ လက်ဖက်စိုက်ပျိုးခြင်းဖြင့် ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းသစ်တစ်ရပ်ဖြစ်ပေါ်ပြီး ဝင်ငွေရရှိနိုင်သည့်အတွက် အောင်မြင်ဖြစ်ထွန်းအောင် အားပေးကူညီဆောင်ရွက်ရေး၊ လက်ဖက်အပါအဝင် ဖြစ်ထွန်းနိုင်သည့် နှစ်ရှည်ပင်များ တိုးချဲ့စိုက်ပျိုးပြီး ပုပ္ပားတောင်ဒေသစိမ်းလန်းစိုပြည်ရေးကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်သွားရေးတို့ကို မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် တင်ဝင်းထွန်း ထုတ်လုပ်မှုကုမ္ပဏီ ပုပ္ပားတောင် စံပြလက်ဖက်စိုက်ခင်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် Popa Mountain Resort သို့ ရောက်ရှိကြပြီး Popa Mountain Resort ရှုခင်းသာမှ ပုပ္ပားတောင်ကလပ်နှင့် ပုပ္ပားတောင်ဒေသ စိမ်းလန်းစိုပြည်မှုအခြေအနေ၊ သစ်တောသစ်ပင် ထိန်းသိမ်းကာကွယ်မှုအခြေအနေတို့ကို ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ပုပ္ပားတောင်ဒေသမှ ပြန်လည်ထွက်ခွာခဲ့ကြသည်။ (သတင်းစဉ်)



ပုပ္ပားတောင်ကလပ်နှင့် ပုပ္ပားတောင်ဒေသ စိမ်းလန်းစိုပြည်မှု အခြေအနေကို တွေ့ရစဉ်။ (သတင်းစဉ်)

# အာဆီယံစွမ်းအင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၄

**အာဆီယံနိုင်ငံများ၏ စွမ်းအင်ထိရောက်စွာ အသုံးချရေးနှင့် ချွေတာရေး မြှင့်တင်မှုဆိုင်ရာ အစီအစဉ်(၂၀၁၀-၂၀၁၁)အရ အမှတ်(၂) စက်မှုဝန်ကြီးဌာနနှင့် အာဆီယံစွမ်းအင်ဆိုင်ရာ ဗဟိုဌာနတို့ ပူးပေါင်း၍ အာဆီယံစွမ်းအင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ အမရာဟိုတယ်၌ ကျင်းပသည်။**

အခမ်းအနားသို့ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စွာခိုင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၊ Energy Conservation Centre of Japan (ECCJ) နှင့် Asean Centre for Energy (ACE) တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။




### အမှာစကားပြောကြား

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးကျော်စွာခိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ညွှန်ကြားရေးမှူး ဦးဖေဇင်ထွန်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ECCJ နှင့် ACE တို့မှ တာဝန်ရှိသူများက အလုပ်ရုံဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ရှင်းလင်းပြောကြားကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် တက်ရောက်လာကြသူများက စွမ်းအင်ထိရောက်စွာ အသုံးချရေးနှင့် ချွေတာရေး မြှင့်တင်မှုဆိုင်ရာ အစီအစဉ်များနှင့် စပ်လျဉ်းသည့် ကဏ္ဍများအလိုက် မေးမြန်းဆွေးနွေးကြသည်။ အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၅ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

**အာဆီယံစွမ်းအင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းဖွင့်ပွဲအခမ်းအနားကို နေပြည်တော် ဟိုတယ်ဇုန်ရှိ အမရာဟိုတယ်၌ ကျင်းပစဉ်။**

(သတင်းစဉ်)

# အထက(၁)ပုဇွန်တောင် မြတ်ဆရာပူဇော်ကန်တော့ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

အထက(၁)ပုဇွန်တောင် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၇)ကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် တွေ့ဆုံပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၉ ရက် (တနင်္ဂနွေနေ့)မွန်းတည့် ၁၂ နာရီတွင် အဆိုပါ ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ အခမ်းအနား၌ ၂၀၁၀ ခုနှစ်တွင် ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုအောင်မြင်ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ထည့်သွင်းကျင်းပမည်ဖြစ်သည်။

ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ ဂုဏ်ပြုခံကျောင်းသား၊ ကျောင်းသူများ ကြွရောက်ကြရန် ဖိတ်ကြားထားကြောင်းနှင့် အလှူငွေများကို ဦးအုန်းမြင့်-ဒေါ်ကျင်ရီလေး ဖုန်း-၀၁-၂၉၈၈၁၆၊ ၀၉-၅၁၀၃၉၄၈၊ ဦးအုန်းကျော် ဖုန်း-၀၁-၅၈၀၁၁၀၊ ဒေါ်ခင်စန်း ဖုန်း-၀၁-၅၄၃၁၆၃၊ ဦးဝင်းမောင် (မောင်ခေတ်ထွန်း) ဖုန်း-၀၉-၅၁၇၄၅၂၁၊ ဒေါ်လှစိုးကြည် ဖုန်း-၀၁-၂၉၅၁၂၃၊ ဦးကျင်ဖေ ဖုန်း-၀၉-၅၁၃၉၆၉၅၊ ဗိုလ်မှူးစိုးပိုင် ဖုန်း-၀၉-၈၆၂၆၉၆၂၊ ဦးအောင်ခိုင် ဖုန်း-၀၁-၂၉၇၄၅၀၊ ဦးတင်ထွန်းအောင် ဖုန်း-၀၁-၂၀၂၆၀၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

**သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၅-၁၂-၂၀၁၀ (ဗုဒ္ဓဟူးနေ့)**

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "ဆရာတော်ဘဒ္ဒန္တနာရဒ ဟောကြားတော်မူသော တရားတော်"
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၀၅)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၇၂)**
၈း၄၀ Fashion Music Festival (Part-2)
၉း၂၀ သာယာဖွံ့ဖြိုး. . . တိုးတက်ဝေစည်. . . ဧည့်ဝတီ
၉း၄၅ အားကစားမြင်ကွင်းစုံ
၁၀း၁၀ Activities In The City (ရတနာမဉ္ဇူမမ္မရိပ်သာ မင်္ဂလာအခမ်းအနား)
၁၀း၂၀ Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
၁၀း၅၀ ဓာတ်ပုံထဲမှအမှတ်တရများ (သဉ္ဇာနွယ်ဝင်း)
၁၁း၂၀ အလင်္ကာပန်းလေးလန်းစေချင် ရိုက်ကွင်း
၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၅ သင်ယူလေ့လာဂီတပညာ [(Part-1)Intro]
၁၂း၃၀ ဝိစာရမှ ပဲဘုရင် မတ်ပဲအထွက်အထူးအောင်မြင်
၁း၀၀ "ဆရာတော်ဘဒ္ဒန္တနာရဒ ဟောကြားတော်မူသော တရားတော်"
၂း၀၀ MRTV-4 သတင်း
၂း၂၀ စကားနပန်း (သနားတတ်တာကောင်းတယ်၊ မသနားတတ်တာကောင်းတယ်)
၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၀၅)**
၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၇၂)**
၄း၅၅ Activities In The City (မေတ္တာဖြင့်ကူညီပေးခဲ့ကြသော အနုပညာရှင်များဂုဏ်ပြုပွဲ)
၅း၁၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀ MRTV-4 သတင်း
၆း၂၀ သင်ကြားရေးလမ်းညွှန် (She Yoga Club)
၆း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၀၆)**
၇း၁၅ Fashion Music Festival (Part-3)
၈း၀၀ MRTV-4 သတင်း
၈း၃၀ မြန်မာ့ရုပ်ရှင်နှစ်(၉၀)ပြည့် ဂုဏ်ပြုအစီအစဉ် (အပိုင်း-၂)
၉း၀၅ Celebrity Style (အဲလက်စ်နှင့်တွေ့ဆုံခြင်း)
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၇၃)**
၁၀း၁၀ Cartoon Show Time (SUPERMAN SHAZAMI)
၁၀း၄၀ နှလုံးကျန်းမာသက်ရှည်ရန် သိဖွယ်နည်းလမ်းများ (တတိယပိုင်း) (ပါမောက္ခဒေါက်တာမြသိန်းဟန်)
၁၀း၅၅ ဂီတစာဆိုဆရာမျိုးမြင့်ဆွေ၏ တေးသီချင်းကဏ္ဍ (အပိုင်း-၁)
၁၁း၂၅ နေထိုင်မှုဝင့်ကြွားအဆင့်မြင့် အိမ်ရာစီမံကိန်းများ (Royal Rose & တက်တိုးနုယဉ်ကွန်ဒို)
၁၁း၄၅ ရန်ကုန်မြင်ကွင်းကျယ် (Home Decoration Furniture & Electronic 2010 ပြပွဲ)
၁၁း၅၅ မြီးပြည့်စုံခြင်းများနှင့် Reto Coffee Machine
၁၂း၁၅ World of Knowledge (Petronas Towers)
၁း၀၀ သက်ကြီးဆရာဝန်များထောက်ကူအဖွဲ့၏ဂါရဝကုသိုလ်
၁း၁၅ ဘဝများ (တင်မိုးလွင်)
၁း၄၅ မြန်မာစာသုံးဖို့ မြန်မာယူနီကုဒ် ပရိုဂရမ်များ
၂း၀၅ Box Office Movies (Harry Potter)
၂း၂၅ Shooting Location (မျက်ခြယ်ခြံ)
၂း၅၀ ရိုးရာအလုပ်မှာ နှီးတောင်းနှီးဖျာ
၃း၀၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၄း၀၅ စနစ်တကျစိုက်ပျိုး သစ်ခွအမျိုးမျိုး
၄း၂၀ ညောင်ဖင်ရွာတစ်ထောက်နား စားဖွယ်ကများ
၄း၃၅ မြိုင်ရာဇာတွတ်ပီနှင့်အနော်ဖလီး
၄း၄၅ ကြည်ညိုဖူးမြော် ပုပ္ပားတောင်ကလပ်စေတီတော်
၅း၀၀ အစီအစဉ်ပြီး။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

# ၂၀၂၀ ခုနှစ်တွင် လက်နက်အမျိုးအစား ၁၃၀၀ ရုရှားစစ်ဘက် လက်ခံရရှိမည်

**မော်စကို ဒီဇင်ဘာ ၁၄**

လက်နက်တပ်ဆင်ရေး အစီအစဉ်မူကြမ်းအရ ရုရှားလက်နက်ကိုင်တပ်ဖွဲ့များသည် ၂၀၂၀ ခုနှစ်ထိတိုင် လက်နက်ခဲယမ်းအမျိုးအစား ၁၃၀၀ ကို အဆက်မပြတ်လက်ခံရရှိမည် ဖြစ်ကြောင်း ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်က ဒီဇင်ဘာ ၁၃ ရက်တွင် ပြောကြားသည်။

လက်နက်အမျိုးအစားသစ် ၂၂၀ ကို ထုတ်လုပ်နိုင်ရန်အတွက် ရှိရင်းစွဲလက်နက်ထုတ်လုပ်ရေးစက်ရုံများကို တိုးချဲ့ရန်နှင့် အသစ်များထပ်မံတည်ဆောက်ရန် လိုအပ်လိမ့်မည်ဖြစ်ကြောင်း မကြာမီအကောင်အထည်ဖော်နိုင်ဖွယ်ရှိမည့် လက်နက်တိုးချဲ့တပ်ဆင်ရေး အစီအစဉ်ဆိုင်ရာ အစည်းအဝေးတွင် ပူတင်က ပြောကြားသည်။

ရုရှားလက်နက်ကိုင်တပ်ဖွဲ့များ လက်နက်သစ်များရရှိရေးအတွက် ရူဘယ်ငွေ ၂၀ ထရီလီယံကျော်(အမေရိကန်ဒေါ်လာ ၆၄၀ ဒသမ ၇ ဘီလီယံ)ကို သီးသန့်လျာထားသတ်မှတ်ထားမည်ဖြစ်ကြောင်း ပူတင်ကဆိုသည်။

လျာထားငွေကြေးများအနက် ရူဘယ် ၄ ဒသမ ၇ ထရီလီယံ (ဒေါ်လာ ၁၅၀ ဒသမ ၇ ဘီလီယံ)ကို ရုရှားရေတပ် ခေတ်မီစေရေးအတွက် သုံးစွဲသွားမည်ဟု ဆိုသည်။

ရုရှားနိုင်ငံသည် ဘိုရေးအမျိုးအစား နျူကလီးယားရေငုပ်သင်္ဘောရှစ်စင်းကို ၂၀၁၅ ခုနှစ်တွင် အပြီးတည်ဆောက်ရန် စီစဉ်ထားပြီး ယင်းရေငုပ်သင်္ဘောများ၌ ဘူလာဗာအမျိုးအစား တိုက်ချင်းပစ်ဒုံးပျံများကို တပ်ဆင်အသုံးပြုမည်ဖြစ်သည်။

**အင်တာနက်။**



၁၉၈၆ ခုနှစ်က ပေါက်ကွဲမှု ဖြစ်ပွားပြီး ပိတ်သိမ်းခဲ့ရသော ချာနိုဘိုင်းလ် နျူကလီးယားဓာတ်ပေါင်းဖို အတွင်းပိုင်း။

# ချာနိုဘိုင်းလ် နျူဓာတ်ပေါင်းဖို ပေါက်ကွဲမှုဖြစ်ရာဒေသ ခရီးသွားများအတွက် ပြန်ဖွင့်မည်

**ကီယက်ဗ် ဒီဇင်ဘာ ၁၄ -** ၁၉၈၆ခုနှစ်က ဖြစ်ပွားခဲ့သော ချာနိုဘိုင်းလ် နျူကလီယားဓာတ်ပေါင်းဖိုပေါက်ကွဲမှုကို ပိုမိုလေ့လာသိရှိလိုသူ ခရီးသွားများအတွက် ယင်းဓာတ်ပေါင်းဖိုဝန်းကျင်ရှိ လူမဝင်ရဇုန်အဖြစ် သတ်မှတ်ထားသော နယ်မြေများကို လာမည့်နှစ်စပိုင်းတွင် ပြန်ဖွင့်ပေးရန် ယူကရိန်းနိုင်ငံက စီစဉ်နေကြောင်း ဒီဇင်ဘာ ၁၃ရက်သတင်းများတွင် ဖော်ပြထားသည်။

ချာနိုဘိုင်းလ်နျူကလီးယားဓာတ်အားပေးစက်ရုံ၏ ဓာတ်ပေါင်းဖိုအမှတ် (၄) သည် ၁၉၈၆ခုနှစ် ဧပြီ ၂၆ရက်က ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး ရေဒီယိုသတ္တိကြွဓာတ်ရောင်ခြည်များ ဥရောပမြောက်ပိုင်း၌ ပျံ့နှံ့ခဲ့ရသည်။

ယူကရိန်း၊ ဘီလာရုစ်နှင့် ရုရှားနိုင်ငံတို့၌ ဓာတ်ရောင်ခြည်ပျံ့နှံ့မှုကြောင့် ညစ်ညမ်းခဲ့ရသော ဒေသများမှ လူထောင်ပေါင်းများစွာတို့ကို နေရာရွှေ့ပြောင်းပေးခဲ့ရပြီး အဆိုပါဒေသများ၌နေထိုင်ခဲ့သူများသည် ယနေ့တိုင်အောင် ရေဒီယိုသတ္တိကြွဓာတ်ရောင်ခြည်များကြောင့် ကျန်းမာရေးဆိုင်ရာ ပြဿနာများကို ကြုံတွေ့နေရဆဲဖြစ်သည်။

ပေါက်ကွဲမှုဖြစ်ပွားခဲ့သော နျူကလီးယားဓာတ်ပေါင်းဖို၏ မိုင် ၃၀ အဝန်းအဝိုင်းအတွင်းရှိ ဒေသသည် ဓာတ်ရောင်ခြည်ဖြာထွက်မှုကြောင့် ညစ်ညမ်းမှုနှုန်း အလွန်မြင့်မားခဲ့ပြီး ပေါက်ကွဲမှုဖြစ်ပွားပြီးချိန်မှစ၍ ယနေ့အထိလူအဝင်အထွက် မပြုလုပ်ရန် တားဆီးထားသည်။

ယနေ့အချိန်တွင် ကျွမ်းကျင်ဝန်ထမ်း ၂၅၀၀ခန့်တို့က ပိတ်သိမ်းလိုက်ပြီဖြစ်သော ချာနိုဘိုင်းလ်နျူကလီးယား ဓာတ်ပေါင်းဖို၏ အကြွင်းအကျန်များကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ **အေပီ။**



# အီရန်အစိုးရ၏ နိုင်ငံခြားရေးနှင့် နျူကလီးယားမူဝါဒ မပြောင်းလဲ

**တီဟီရန် ဒီဇင်ဘာ ၁၄**

အီရန်နိုင်ငံတွင် နိုင်ငံခြားရေးဝန်ကြီး မန်နူချာမိုတာကီအား ရာထူးမှဖယ်ရှားကာ ၎င်း၏နေရာတွင် အဏုမြူ စွမ်းအင်အဖွဲ့အကြီးအကဲနှင့် အစားထိုးလိုက်သော်လည်း နိုင်ငံခြားရေးနှင့် နျူကလီးယားမူဝါဒများကို ပြင်ဆင်ပြောင်းလဲမည် မဟုတ်ကြောင်း အစိုးရအဖွဲ့က ဒီဇင်ဘာ ၁၄ ရက်တွင် ပြောကြားသည်။

အီရန်နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒများကို အထက်တန်းတာဝန်ရှိသူများက ချမှတ်ပေးပြီး ယင်းမူဝါဒများကို နိုင်ငံခြားရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ပေးကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ရာဝင်မီရာမရာဆက်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

### မူဝါဒမပြောင်း

အီရန်နိုင်ငံ၏ လက်ရှိနျူကလီးယား မူဝါဒကို ပြင်ဆင်ပြောင်းလဲမည်ဟု မိမိမထင်မြင်မိကြောင်း ၎င်းကပြောကြားသည်။

နိုင်ငံခြားရေးဝန်ကြီး မိုတာကီအား ရာထူးမှ ဖယ်ရှားလိုက်ပြီးနောက် အီရန်အဏုမြူစွမ်းအင်အဖွဲ့အကြီးအကဲကို နိုင်ငံခြားရေးဝန်ကြီးသစ်အဖြစ် ခန့်အပ်ရန် သမ္မတအာမာဒီနီဂျက်က ညွှန်ကြားခဲ့သည်။

အီရန်နိုင်ငံခြားရေးဝန်ကြီး ရာထူးနေရာတွင် မည်သည့်အတွက်ကြောင့် အပြောင်းအလဲပြုလုပ်သည်ကို မသိရပေ။ အီရန်နိုင်ငံ၏ နျူကလီးယားပြဿနာနှင့်ပတ်သက်၍ အနောက်အုပ်စုနိုင်ငံများမှ ကိုယ်စားလှယ်များနှင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ဒီဇင်ဘာ ၆ ရက်နှင့် ၇ ရက်က ဆွေးနွေးပွဲ ကျင်းပခဲ့ပြီးနောက် နိုင်ငံခြားရေးဝန်ကြီး ရာထူးနေရာတွင် အပြောင်းအလဲဖြစ်ပေါ်လာခဲ့သည်။ **အင်တာနက်။**



အထည်ချုပ်စက်ရုံ မီးလောင်ကျွမ်းမှုကြောင့် ဒဏ်ရာရသူတစ်ဦးအား လုပ်ဖော်ကိုင်ဖက်များက ကယ်ထုတ်နေစဉ်။

# ဘင်္ဂလားဒေ့ရှ် အထည်ချုပ်စက်ရုံမီးလောင်၍ ၂၅ ဦး သေဆုံးပြီး ၁၀၀ ကျော် ဒဏ်ရာရ

**ဒါကာ ဒီဇင်ဘာ ၁၄ -** ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တော်တောင်ဘက်ရှိ အထပ်များစွာမြင့်သော အထည်ချုပ်စက်ရုံတစ်ရုံ၌ ယနေ့မီးလောင်မှုဖြစ်ပွားခဲ့ရာ ၂၅ ဦး သေဆုံး၍ အနည်းဆုံး လူ ၁၀၀ ကျော် ဒဏ်ရာရခဲ့ကြောင်း မီးသတ်ဌာနတာဝန်ရှိသူများက ပြောကြားသည်။

မီးသတ်သမားများက မီးငြိမ်းသတ်ရန်ကြိုးပမ်းလျက်ရှိပြီး ကယ်ဆယ်ရေးဝန်ထမ်းများက ဒဏ်ရာရသူများကို ကုသအားပေးခြင်း၊ မီးလောင်ကျွမ်းနေသောအဆောက်အအုံအတွင်း ပိတ်မိနေသူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခြင်းများလုပ်ခဲ့ရကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အနည်းဆုံးလူ ၅၀ မီးလောင်ဒဏ်ရာများ ပြင်းထန်စွာရရှိခဲ့ပြီး ၎င်းတို့ကို ဒေသန္တရဆေးရုံများသို့ ပို့ဆောင်ဆေးကုသပေးလျက်ရှိသည်။ ကျန်ဒဏ်ရာရသူများမှာ ရာပေါင်းများစွာသော အထည်ချုပ်အလုပ်သမားများ ဘေးလွတ်ရာသို့ထွက်ပြေးရန် ကြိုးပမ်းစဉ် လူအုပ်ပြိုမှုကြောင့် ဒဏ်ရာများရခဲ့ခြင်းဖြစ်သည်။

အနီးအနားရှိစစ်စခန်းတစ်ခုမှ ဘင်္ဂလားဒေ့ရှ်တပ်ဖွဲ့ဝင်များသည် ကယ်ဆယ်ရေးလုပ်ငန်းများ၌ ပါဝင်ပူးပေါင်းခဲ့ပြီး လေတပ်ရဟတ်ယာဉ်များကလည်း မီးဘေးလွတ်ရာအထည်ချုပ်စက်ရုံ ခေါင်မိုးပေါ်သို့ တက်ရောက်နေသူများအား ကယ်တင်ပေးခဲ့ရသည်။ အထပ်ပေါင်း ၁၂ ထပ်ရှိသော ယင်းအထည်ချုပ်စက်ရုံတွင် ဝန်ထမ်း ၁၃၀၀၀ မျှ အလုပ်လုပ်ကိုင်လျက်ရှိပြီး အများစုမှာ အမျိုးသမီးများဖြစ်သည်။ မီးလောင်ကျွမ်းမှုသည် စက်ရုံ၏ ကိုးထပ်မြောက်တွင် စတင်ဖြစ်ပွားခဲ့ပြီး လျင်မြန်စွာကူးစက်ခဲ့သည်။ မီးလောင်ကျွမ်းမှု အကြောင်းရင်းကိုမူ မသိရှိရသေးပေ။ **အမ်အင်အေ၊ ရိုက်တာ။**

# ဒုတိယကမ္ဘာစစ်၏ စစ်တလင်း အိုင်အိုဂျီးမားကျွန်းသို့ ဂျပန်ဝန်ကြီးချုပ်သွားရောက်

လိုတို ဒီဇင်ဘာ ၁၄

**ဒုတိယကမ္ဘာစစ်အတွင်း ကြောက်မက်ဖွယ်အကောင်းဆုံး စစ်မြေပြင်များအနက် တစ်ခုအပါအဝင်ဖြစ်ခဲ့ပြီး ဂျပန်တပ်ဖွဲ့ဝင် ၂၁၀၀၀ကျော် သေဆုံးခဲ့ရသည့် အိုင်အိုဂျီးမားကျွန်းပေါ်သို့ ဂျပန်ဝန်ကြီးချုပ် နာအိုတိုကန်သည် အင်္ဂါနေ့က သွားရောက်ခဲ့ပြီး စစ်အတွင်းသေဆုံးခဲ့ရသော ဂျပန်တပ်ဖွဲ့ဝင်များကို ဂါရဝပြုခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။**

အိုင်အိုဂျီးမားကျွန်းပေါ်တွင် ယခင်က ဂျပန်တပ်ဖွဲ့ဝင် ၁၂၀၀၀တို့၏ ရုပ်ကြွင်းများကို ရှာဖွေတွေ့ရှိခဲ့ပြီး အစုလိုက်အပြုံလိုက်မြှုပ်နှံထားသော ဂျပန်တပ်ဖွဲ့ဝင်တို့၏ ရုပ်ကြွင်းအစုအဝေးနှစ်ခုအား ထပ်မံတွေ့ရှိပြီးနောက် ယင်းကျွန်းပေါ်သို့ ဂျပန်ဝန်ကြီးချုပ် သွားရောက်ခဲ့ခြင်းဖြစ်သည်။

အိုင်အိုဂျီးမားကျွန်းပေါ်၌ ဖြစ်ပွားခဲ့သောတိုက်ပွဲသည် ပစိဖိတ်စစ်ပွဲကြီး၏ ပွဲသိမ်းအဖြေကို ပေးနိုင်ခဲ့သော အထင်ကရ တိုက်ပွဲကြီးတစ်ခု ဖြစ်ခဲ့သည်။

အိုင်အိုဂျီးမားကျွန်း ဆုရိဘချီတောင်ထိပ်ပေါ်၌ အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များနှင့် ရေတပ်ဆေးတပ်သားတစ်ဦးတို့က အလံလွှင့်ထူနေပုံကို အေပီသတင်းဌာနက ရိုက်ကူးခဲ့သော ဓာတ်ပုံတစ်ပုံသည် အမေရိကန်နိုင်ငံသားများအတွက် ဒုတိယကမ္ဘာစစ်ကြီး၏ အမှတ်ရဖွယ်အရှိဆုံး သင်္ကေတတစ်ရပ်ဖြစ်ခဲ့သည်။ **(ယာပုံ)**



သို့ရာတွင် ဂျပန်နိုင်ငံသားများအဖို့ အိုင်အိုဂျီးမားကျွန်း စစ်မြေပြင်သည် အသေအပျောက်အများဆုံး ရှုံးနိမ့်မှုတစ်ရပ်အဖြစ်သာ မှတ်ယူကြသည်။

ဒုတိယကမ္ဘာစစ်ပြီးဆုံးချိန်မှစ၍ မေ့မေ့ပျောက်ပျောက်ထားခဲ့သော အိုင်အိုဂျီးမားကျွန်းပေါ်သို့ ဝန်ကြီးချုပ် နာအိုတိုကန်နှင့် ဝန်ကြီးချုပ်ဟောင်း ဂျူနီချီရိုကိုအိဇုမိတို့သာ သွားရောက်ခဲ့ဖူးသည်။ **အေပီ။**



ပါကစ္စတန် ကျောင်းကားတစ်စီး ဗုံးခွဲတိုက်ခိုက်ခံထားရပုံ။

# ပါကစ္စတန်အနောက်တောင်ပိုင်း၌ ပညာရေးစနစ်ကို စစ်သွေးကြွများခြိမ်းခြောက်နေ

**အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၁၄ -** ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း၌ ခွဲထွက်ရေးဝါဒီများနှင့် စစ်သွေးကြွများက ကျောင်းဆရာများ၊ ပါမောက္ခများနှင့် အခြားပညာရေးဝန်ထမ်းများကို အကြမ်းဖက်တိုက်ခိုက်မှုများ ပိုမိုလုပ်ဆောင်လာကြောင်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ဒီဇင်ဘာ ၁၃ရက်တွင်ပြောကြားသည်။

ကျောင်းဆရာများနှင့် စာသင်ကျောင်းများ အထူးသဖြင့် မိန်းကလေးကျောင်းများ တိုက်ခိုက်ခံခဲ့ရသော ပါကစ္စတန်အနောက်မြောက်ပိုင်း၌သာ ပညာရေးစနစ် ခြိမ်းခြောက်ခံနေရခြင်းမဟုတ်ဘဲ ဘလူချီစတန်ပြည်နယ်၌လည်း ယင်းသို့ ဖြစ်ပွားနေကြောင်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့၏ အစီရင်ခံစာတွင်ဖော်ပြသည်။ ၂၀၀၈ခုနှစ် ဇန်နဝါရီလနှင့် ၂၀၁၀ခုနှစ် အောက်တိုဘာလများအကြား ဘလူချီစတန်ပြည်နယ်၌ ကျောင်းဆရာ ၂၂ ဦးတို့သည် စစ်သွေးကြွများအဖြစ်ယူဆရသူများ၏ပယောဂကြောင့် သေဆုံးခဲ့ရကြောင်း အစီရင်ခံစာတွင်ဖော်ပြသည်။ ကျောင်းများ၌ ပါကစ္စတန်သမိုင်းသင်ကြားခြင်း၊ ပါကစ္စတန်နိုင်ငံအလံလွှင့်ထူခြင်းနှင့် အမျိုးသားသီချင်းသီဆိုခြင်းတို့ မပြုလုပ်ရန် ကျောင်းဆရာများနှင့် ကျောင်းတာဝန်ရှိသူများကို စစ်သွေးကြွခွဲထွက်ရေးသမားများက ခြိမ်းခြောက်ခဲ့သည်ဟု ဆိုသည်။

ယင်းအပြင် ဗုံးခွဲမှုများနှင့် အခြားတိုက်ခိုက်မှုများကြောင့် ဘလူချီစတန်ပြည်နယ်အတွင်းရှိ အစိုးရစာသင်ကျောင်းများသည် ၂၀၀၉ခုနှစ်အတွင်းက တစ်နှစ်ပတ်လုံးကျောင်းဖွင့်ရက် ၁၂၀သာရှိခဲ့ပြီး ပါကစ္စတန်နိုင်ငံတစ်ဝန်း အခြားကျောင်းများထက် စာသင်ရက်ပေါင်း ၁၀၀လျော့နည်းခဲ့ရသည်။ **အေပီ။**

# ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း

## ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများနှင့်တွေ့ဆုံ ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

နေပြည်တော် ဒီဇင်ဘာ ၁၄

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းသည် ဒီဇင်ဘာ ၁၂ ရက် နံနက် ၈ နာရီခွဲတွင် ပုလဲမြို့ မြို့နယ်လုံးဆိုင်ရာ ဗုဒ္ဓဝိဟာရ သာသနာ့ဗိမာန်၌ ပုလဲမြို့ပေါ်မှ မြို့မိမြို့ဖများ၊ ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၅၀ မှ ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ ကျေးဇူးတင်နှုတ်ဆက်အားပေးစကား ပြောကြားသည်။ ယင်းနောက် ဒေသအတွင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ကြပြီး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်မည့် ငွေကြေးနှင့်ပစ္စည်းများ ပံ့ပိုးပေးခြင်းများ စီမံဆောင်ရွက်ပေးခဲ့သည်။**



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း လက်တောင်းကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ပြုပြင်ရန်အတွက် ငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တွေ့ဆုံဆွေးနွေးပွဲတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးအောင် ဆောင်ရွက်ရေး၊ လူငယ်လူရွယ်များ ပညာရည်မြင့်မားရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ မိဘပြည်သူများက အားထုတ်ကြိုးပမ်းဆောင်ရွက်ရေး၊ ကျေးရွာများ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရန်အတွက် ကျေးရွာချင်းဆက်လမ်းများကို စီမံချက်အတိုင်း ဆက်လက်တိုးချဲ့ဖောက်လုပ်ရေး၊ သီးနှံစိုက်ပျိုးမှု တိုးတက်အောင်မြင်စေရေးအတွက် စိုက်ပျိုးရေရရှိရေး၊ ကျေးလက်နေ ပြည်သူများ ကျန်းမာရေးအတွက် ဆေးဝါးများ ရရှိရေး၊ ဆေးဝါးကုသနိုင်ရေး ကိစ္စရပ်များအတွက် အသေးစိတ် ပေါင်းစပ်ညှိနှိုင်း စီမံဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် ဝန်ကြီးက မင်းတိုင်ပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် မတည်ငွေကျပ်သိန်း ၅၀၊ ပုလဲမြို့ မြို့နယ်လုံးဆိုင်ရာ ဗုဒ္ဓဝိဟာရ သာသနာ့ဗိမာန် မျက်နှာကြက်ပြုလုပ်ရန်အတွက် မတည်ငွေကျပ်သိန်း ၂၀၊ လက်တောင်းကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ပြုပြင်ရန်အတွက် ငွေကျပ် ၁၀သိန်း၊ ပုလဲမြို့နယ် ပြည်သူ့ဆေးရုံ အုတ်တံတိုင်းပြုပြင်ရန်အတွက် ငွေကျပ်ငါးသိန်းတို့ကို လည်းကောင်း၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ၃၁ တိုက် ဆောက်လုပ်ရန်အတွက် မတည်ငွေကျပ် ၁၉၃ သိန်းကို လည်းကောင်း၊ ကြက်ရင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း အမိုးမိုးရန်နှင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ခြောက်တိုက် အမိုးမိုးရန်အတွက် အမိုးသွပ်ပြားများကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ကျေးရွာများမှ တာဝန်ရှိသူများက လက်ခံကြသည်။

### ကျေးဇူးတင်

ယင်းနောက် တွေ့ဆုံဆွေးနွေးလှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကိုယ်စား ဒေသခံပြည်သူတစ်ဦးက နိုင်ငံတော်နှင့်ဝန်ကြီးဌာနအား ကျေးဇူးတင်ရှိကြောင်း ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးသည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ပုလဲမြို့ မြို့နယ်လုံးဆိုင်ရာ ဗုဒ္ဓဝိဟာရ သာသနာ့ဗိမာန် မျက်နှာကြက်ပြုလုပ်ရန်အတွက် မတည်ငွေကျပ် သိန်း ၂၀ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

## TV Guide ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဒီဇင်ဘာ ၁၄**

၁၅ ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင် အတွဲ(၂)၊ အမှတ်(၁၆)ကို ဒီဇင်ဘာ ၁၅ ရက် (ဗုဒ္ဓဟူးနေ့)တွင် စတင်ဖြန့်ချိမည်ဖြစ်သည်။ ယင်း TV Guide စာစောင်တွင် မြန်မာစာတန်းထိုးများဖြင့် ပြသနေသည့် Star Movies ရုပ်သံလိုင်း၌ ပြသမည့် Tron ဇာတ်ကား၏ ဇာတ်လမ်းရိုက်ကူးမှုများနှင့် ရိုက်ကူးမှုနောက်ကွယ်မှ အဖြစ်အပျက်များအား ကြည့်ရမည့် ရုပ်ရှင်ဇာတ်ကားကောင်းများ၊ ကလေးများအတွက် Cartoon၊ Channel V ရုပ်သံလိုင်းတွင် ကမ္ဘာတစ်လွှားမှ ထိပ်တန်းဂီတဗီဒီယိုအမျိုးပေါင်း ၁၀၀ အား နံပါတ်စဉ်အလိုက် ထုတ်လွှင့်ပြသမည့် အစီအစဉ်၊ TLC ရုပ်သံလိုင်းတွင် ဟာဝိုင်အီဒေသမှ ခရစ္စမတ်ကာလအား ကြည့်ရမည့် Christmas Fun In The Sun အစီအစဉ်နှင့် ခရစ္စမတ်ပွဲတော်ကာလတွင် ချောကလက်ပွဲတော် ကျင်းပပုံအားပြသမည့် Willie's Perfect Chocolate Christmas အစီအစဉ်၊ Animal Plane ရုပ်သံလိုင်းတွင် ပြသမည့် ထူးဆန်းသည့်သတ္တဝါများအား ရိုက်ကူးပြသမည့် Creature of Darkness အစီအစဉ်နှင့် Unexplained အစီအစဉ်၊ မိုင်းတွင်းပေါက်ကွဲမှုကြောင့် မြေအောက်တွင် ပိတ်မိခဲ့သည့် ချီလီနိုင်ငံမှ မိုင်းလုပ်သားများ၏ အတွေ့အကြုံအား ဖြစ်ရပ်မှန်ရုပ်သံဇာတ်လမ်းအဖြစ်ကြည့်ရမည့် Rescued: The Chilean Mine Story အစီအစဉ်၊ အစီအစဉ်အားလုံးအား မြန်မာစာတန်းထိုးဖြင့် ပြသနေသည့် NGC ရုပ်သံလိုင်းတွင် ဒဏ္ဍာရီဆန်ပုဂ္ဂိုလ်များ၏ ဖြစ်ရပ်မှန်ဇာတ်လမ်းများအား ကြည့်ရမည့် Mystety Files၊ Nat Geo Wild ရုပ်သံလိုင်းတွင် ကြည့်ရမည့် တိရစ္ဆာန်များ၏ စိတ်ဝင်စားဖွယ် အစီအစဉ်ကောင်းများ၊ ESPN နှင့် Star Sports ရုပ်သံလိုင်းတွင် တိုက်ရိုက်ကြည့်ရမည့် ပရီမီယာလိဂ်ပွဲစဉ်များ၏ ပွဲကြိုသုံးသပ်ချက်များ၊Multi Max၊ 5 Movie၊ 5 Series၊ 5 Series II၊ 5 Cartoon ရုပ်သံလိုင်းများတွင် ပြသမည့် အစီအစဉ်များအကြောင်း၊ Mandalay FM တွင် နားဆင်ရမည့် ဂျောက်ဂျက်၏ စီးရီးသစ်အညွှန်း၊ Jenny ရွေးချယ်ပေးမည့် Album Collection အစီအစဉ်နှင့် နှစ်သစ်ကူးအထူးအစီအစဉ်၊ MRTV-4 ရုပ်သံလိုင်းတွင် ပြသမည့် Goals of The Week အစီအစဉ်သစ်၊ စကားနပန်း၊ ဖက်ရှင်လမ်းညွှန်စသည့် အစီအစဉ်ကောင်းများ၊ MRTV-4 ၏ ဆက်စပ်ရုပ်သံလိုင်းများဖြစ်သည့် ရုပ်သံလိုင်းအားလုံး၏ ၁၅ ရက်စာ အစီအစဉ်များအပြင် မြဝတီရုပ်သံလိုင်း၏ ၁၅ ရက်စာ အစီအစဉ်များပါဝင်သည်။

TV Guide စာစောင်ကို TV Guide Distribution Network ဖုန်း-၀၁-၇၃၀၆၀၃၁၅ မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ Door To Door မှာယူလိုသူများသည် Novel Light Express(09-5080850, 391186) သို့ မှာယူနိုင်သည်ဟု သိရသည်။ (သတင်းစဉ်)



## မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ စာဖတ်ရှုနိုင်ငံ့မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၄**

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က စီစဉ်ကျင်းပသည့် စာဖတ်ရှုနိုင်ငံ့မြှင့်တင်ရေးနှင့် အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပရာ အဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင်လှိုင်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်စောယုခင်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများတက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်စောယုခင်က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး အဖွဲ့ဒုတိယဥက္ကဋ္ဌ(၁) ဦးခင်မောင်ထွန်း (ခင်မောင်ထွန်းလမ်းမတော်)က မိတ်ဆက်အမှာစကားပြောကြားသည်။ဆက်လက်၍ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးမောင်မောင်ဦး(ဟိန်းလတ်)နှင့် အဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)တို့က စာကြည့်တိုက်တန်ဖိုး၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများနှင့် စပ်လျဉ်း၍ ဟောပြောကြသည်။

ယင်းအခမ်းအနား၌ အဖွဲ့အတွင်းရေးမှူး ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)က ငွေကျပ်နှစ်သိန်းတန်ဖိုးရှိ စာအုပ်စာတမ်းများကိုလည်းကောင်း**(အပေါ်ပုံ)**၊ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးတင့်ဆွေ (ရဲရင့်တင့်ဆွေ)က ငွေကျပ်သုံးသိန်းငါးသောင်းတန်ဖိုးရှိ စာအုပ်စာတမ်းများကို လည်းကောင်း၊တွဲဖက်အတွင်းရေးမှူး(၁) ဦးမြတ်ခိုင် (မြတ်ခိုင်)နှင့် တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မျိုး(မောင်မျိုး-ကြောင်နှစ်ကောင်)တို့က ငွေကျပ်လေးသိန်းတန်ဖိုးရှိစာအုပ်စာတမ်းများကို လည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စောယုခင်က လက်ခံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၅-၁၂-၂၀၁၀ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၅ | ၂။ | အဂ္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာ ဆိုမျိုးနွယ်ဆွေ) |
| ၇း၂၅ | ၃။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၄။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၅။ | သံသာချိုအေးမင်္ဂလာတေး |
| ၇း၅၅ | ၆။ | "သက်ရှည်ကျန်းမာလေ့ကျင့်ပါ" |
| ၈း၀၅ | ၇။ | မြူးမြူးကြွကြွယဉ်ကျေးမှုအက |
| ၈း၂၀ | ၈။ | တေးဂီတအစီအစဉ် |
| ၈း၄၀ | ၉။ | International News |
| ၈း၄၅ | ၁၀။ | အတီးပြိုင်ပွဲ |
| ၉း၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄း၁၀ | ၂။ | တေးဂီတအစီအစဉ် |
| ၄း၂၀ | ၃။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက |
| ၄း၃၀ | ၄။ | အဆိုပြိုင်ပွဲ |
| ၄း၃၅ | ၅။ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ်(ဥပဒေပညာအထူးပြု) (ဥပဒေပညာ) |
| ၄း၅၀ | ၆။ | မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ |
| ၄း၅၅ | ၇။ | သီချင်းကြီးပဒေသာ |
| ၅း၀၅ | ၈။ | "ကိုယ်တိုင်ရေးတဲ့ သင်ခန်းစာ" |
| ၅း၁၅ | ၉။ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် |
| ၅း၃၀ | ၁၀။ | ဆိုကြပျော်ရွှင်တေးသံစဉ် |
| ၆း၀၀ | ၁၁။ | ညနေခင်းသတင်း |
| ၆း၁၅ | ၁၂။ | မိုးလေဝသအခြေအနေ |
| ၆း၂၀ | ၁၃။ | မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ |
| ၆း၃၅ | ၁၄။ | "ရွှေရင်ခုန်သံ" |
| ၇း၀၀ | ၁၅။ | ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင် |
| ၇း၃၀ | ၁၆။ | အလင်္ကာဝတ်ရည်မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေခန်း |
| ၈း၀၀ | ၁၇။ | ပြည်တွင်းသတင်း |
| | ၁၈။ | နိုင်ငံတကာသတင်းများ |
| | ၁၉။ | မိုးလေဝသအခြေအနေ |
| | ၂၀။ | "ပျော်ရွှင်ရင်ခုန်ပြကွက်စုံ" (အပိုင်း-၄) |
| | ၂၁။ | နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသော မေတ္တာ" (အပိုင်း-၁၈) |
| | ၂၂။ | မြန်မာဗီဒီယိုဇာတ်လမ်း "မှတ်ပြီလား" (မင်းမော်ကွန်း၊ အိန္ဒြာကျော်ဇင်၊ အေးမြတ်သူ) (ဒါရိုက်တာ-ကျော်ဇောလင်း) |
| | ၂၃။ | အစီအစဉ်ပြီး၏။ |

## စိန့်မိုက်ကယ်ကျောင်း အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

စိန့်မိုက်ကယ်ကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၈ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ စုံညီစွာ တက်ရောက်ရန်နှင့် လှူဒါန်းလိုသော ကျောင်းသား၊ ကျောင်းသူဟောင်းများ အနေဖြင့် ဒေါက်တာ စိန်မြင့်မောင် ဖုန်း-၀၁-၇၂၆၈၈၅၊ ဦးမောင်မောင်အေး ဖုန်း-၀၉-၅၁၆၆၈၄၇၊ ဦးချာလီချီးယား ဖုန်း-၀၁-၂၉၈၃၅၁၊ ဦးဖေဇော်ဝင်း ဖုန်း-၀၉-၅၁၄၆၁၄၂၊ ဒေါက်တာဝင်းအောင် ဖုန်း -၀၁-၂၉၂၃၅၀၊ ဦးရွှေရ ဖုန်း-၀၉-၅၁၇၅၆၆၀၊ ဒေါ်အဲလစ်မောင် ဖုန်း -၀၁-၅၅၅၉၅၈၊ ဦးဟယ်ရီဒူပလီ ဖုန်း ၀၉-၅၀၀၃၁၃၃၊ ဦးလှထူး ဖုန်း-၀၉-၅၀၄၄၃၅၂ နှင့် ဒေါက်တာကျော်ဝင်း ဖုန်း-၀၁-၅၁၀၂၁၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့**

# စဉ်ဆက်မပြတ်သွေးလှူဒါန်းနိုင်ရေး အားလုံးပါဝင်ဆောင်ရွက်ပေး

ဒေါက်တာ
သီတာအောင်
(အမျိုးသား
သွေးဌာန)

(၃၄) ကြိမ်မြောက်သွေးလှူရှင်များနေ့

ဘဝအတွက်အကြီးမားဆုံးခြားနားမှုဖြစ်သည့်
ရှင်သန်ခြင်းနှင့် သေဆုံးခြင်းဟူသော ကွက်လပ်ကိုဖြည့်စွမ်းနိုင်ခဲ့သော
သန့်စင်သည့်သွေးဖြင့်ထောက်ပံ့ခဲ့သည့် သွေးလှူရှင်များ၏
စွန့်လွှတ်နိုင်မှုနှင့် စောင့်ထိန်းနိုင်မှုတို့အား

အသက်ရှင်ခွင့်ရခဲ့သော လူနာများကိုယ်စား
အထူးလေးစားကျေးဇူးတင်စွာဖြင့်

အမျိုးသားသွေးဌာန
ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

နှစ်စဉ်သွေးလှူရှင် ဂုဏ်ပြုပွဲကိုကျင်းပလျက်ရှိရာ ၂၀၁၀ခုနှစ် ဒီဇင်ဘာလ ၁၄ရက်နေ့တွင်ကျင်းပသည့် သွေးလှူရှင်ဂုဏ်ပြုပွဲသည် မြန်မာနိုင်ငံကျန်းမာရေးဝန်ကြီးဌာနမှ သွေးလှူရှင်ကြီးများကို ဂုဏ်ပြုသော (၃၄)ကြိမ်မြောက် အခမ်းအနားဖြစ်ပါသည်။

၁၉၆၂ခုနှစ်မှစ၍ သွေးလှူဘဏ်လုပ်ငန်းဖြင့် လူနာများ၏အသက်ကို ကယ်တင်ခဲ့သည့် ဆေးကုသမှုလုပ်ငန်းများအားလုံး၏ မရှိမဖြစ် ထောက်ပံ့မှုဖြစ်သော သွေးလှူရှင်များ၏ တာဝန်သိစွာ ပူးပေါင်းပါဝင်လှူဒါန်းမှုမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးပွားလာကြောင်း တွေ့ရှိရပေသည်။

သွေးလှူရှင်များ၏ သွေးလှူဒါန်းမှုမှာ အရေအတွက်အားဖြင့် ပိုမိုတိုးပွားလာရုံသာမက သွေးလှူရှင်ကြီးများ၏ တိုးတက်လာသော တာဝန်ယူနိုင်မှု၊ ကျန်းမာရေးဆိုင်ရာ အသိဉာဏ်ရင့်ကျက်တိုးတက်မှုတို့ကိုလည်း အရေးပါသော ကိန်းဂဏန်းများက ညွှန်ပြပေးနေပါသည်။

**လေ့လာသူတစ်ဦးက ယခုနှစ်အတွင်း အမျိုးသားသွေးဌာနသို့ နှစ်ပတ်အတွင်း လာရောက်လှူဒါန်းသူများ၏ အခြေအနေကို ဆန်းစစ်ကြည့်ရာ ၎င်းကာလအတွင်း စုစုပေါင်းသွေးလှူဒါန်းသူ ၁၃၃၈ဦး လှူဒါန်းနိုင်ခဲ့ပြီး သွေးလှူဒါန်းခွင့်မပြုခဲ့သူ ၁၃၇ဦးရှိကြောင်း တွေ့ရှိရသည်။**

၎င်းသွေးလှူရှင်များတွင် လူနာမှလိုအပ်၍ခေါ်ယူရသူ (Replacement donor) သွေးလှူရှင် ၄၇ဦး (၃ ဒသမ ၄ရာခိုင်နှုန်း)ရှိပြီး ကျန် ၁၂၉၁ ဦး (၉၆ ဒသမ ၆ရာခိုင်နှုန်း)မှာ မိမိဆန္ဒအလျောက် စေတနာဖြင့်လာရောက်လှူဒါန်းသူ(Volunteer donor)များဖြစ်ကြောင်း တွေ့ရှိခဲ့သည်။ ယခင် ၂၀၀၁ ခုနှစ်တွင် ဆေးရုံတစ်ရုံရှိသွေးလှူဘဏ်တစ်ခု၌ လေ့လာမှုအရ အစားထိုးသွေးလှူရှင်နှင့် စေတနာသွေးလှူရှင် အချိုးအဆမှာ ၆ ဒသမ ၃ း ၁ ဖြစ်ပြီး ၂၀၀၄ခုနှစ် အမျိုးသားသွေးဌာန၏စာရင်းအရ ၎င်းအချိုးအဆမှာ ၁ း ၀ ဒသမ ၉ ဖြစ်၍ စေတနာသွေးလှူရှင် ၄၉ ဒသမ ၁ရာခိုင်နှုန်းရှိကြောင်း သိရှိရသည်။ ထို့ကြောင့် ယခုတိုးတက်လာသော စေတနာသွေးလှူရှင်များ၏ သွေးလှူဒါန်းမှုမှာ အလေးဂရုပြုထိုက်သော တိုးပွားလာမှုဖြစ်ပေသည်။

**လာရောက်လှူဒါန်းသူများတွင် အများစုမှာ ပထမအကြိမ်မှ နဝမအကြိမ်အတွင်း ၁၁၁၆ဦးရှိပြီး အကြိမ် ၅၀မှ ၁၀၀အတွင်း ၆၃ဦးလှူဒါန်းကြောင်း တွေ့ရှိရ၍ အသစ်လှူဒါန်းသူများနှင့် ပြန်လည်လှူဒါန်းသူများ နှစ်မျိုးစလုံး တက်ကြွစွာ လှူဒါန်းကြကြောင်း တွေ့ရှိရသည်။ လူနာမှလိုအပ်၍ ခေါ်ယူရသော သွေးလှူရှင်များထဲတွင်လည်း အကြိမ် ၅၀မှ ၁၀၀အတွင်း သွေးလှူရှင်လေးဦးရှိပြီး စေတနာအလျောက် လှူဒါန်းသူများတွင် ၅၉ဦးရှိကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် အကြိမ်ကြီးသွေးလှူဒါန်းသူများ၏ စဉ်ဆက်မပြတ်လှူဒါန်းမှုနှင့် အချိန်အခါမရွေး လှူဒါန်းပေးနေမှုကို အထူး လေးစားမိပါသည်။**

တစ်ကြိမ်မှ ကိုးကြိမ်အတွင်း လှူဒါန်းသူများတွင် အဆင့်မြင့်ဘွဲ့လွန်ပညာရေးရရှိပြီးသူ ၄၆၅ဦး၊ ဘွဲ့ကြိုအဆင့် ၃၇၇ဦးနှင့် အထက်တန်းအဆင့် ၃၃၇ဦး ပါရှိကြောင်းတွေ့ရ၍ တိုးပွားလာသောသွေးလှူရှင်များမှာ ပညာအရည်အချင်းမြင့်မားသော သွေးလှူရှင်များဖြစ်၍ ကျန်းမာရေးအသိပြည့်ဝမှု မြင့်မားနိုင်ကြောင်း ဝမ်းမြောက်ဖွယ်တွေ့ရှိရသည်။

ယခင်သွေးလှူဘဏ်သို့ သွေးလှူဒါန်းရန် လိုအပ်ပါက သာသနာ့ဝန်ထမ်း (သံဃာတော်များ)ကိုသာ လွယ်ကူစွာပင့်ခေါ်ပြီး သွေးအလှူခံခဲ့ရပါ၍ သွေးလှူရှင်အများစုမှာ သံဃာများသာဖြစ်နေ၏။ ယခုလေ့လာမှုတွင် သံဃာများမှ သုည ဒသမ ၅ရာခိုင်နှုန်းပါဝင်ပြီး အခြားအစိုးရဝန်ထမ်း၊ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ၊ ကျောင်းသားနှင့် မှီခိုသူများပါ ပိုမိုများပြားလာကြောင်း တွေ့ရှိရ၍ လူနာများအတွက် အလွှာအသီးသီးမှ ပြည်သူများ၏ စေတနာထား လှူဒါန်းကူညီမှုများကို အားရဖွယ်တွေ့ရှိခဲ့ရပါသည်။

နီပေါနိုင်ငံ၌ အမျိုးသမီးနှင့် အမျိုးသားများ၏ သွေးလှူဒါန်းသူအချိုးကို လေ့လာရာ ၁ း ၅ ဒသမ ၆ ဖြစ်၍ အမျိုးသားများ၏ သွေးလှူဒါန်းမှုမှာ ပိုမိုများပြားလာကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံမှပြုလုပ်သော လေ့လာမှုတစ်ခုတွင် ၎င်းအချိုးမှာ ၁ း ၃ ဒသမ ၅ ဖြစ်ပြီး ယခုလေ့လာမှုတွင်မူ အမျိုးသမီးများ၏ လှူဒါန်းမှုများပြားလာကြောင်း တွေ့ရှိခဲ့သည်။ ရုံးချိန်ပြင်ပ သွေးလှူဒါန်းပွဲများတွင် ၁ း ၁ ဒသမ ၂ ဖြစ်ပြီး ရုံးချိန်အတွင်း လှူဒါန်းပွဲများတွင် ၁ း ၁ ဒသမ ၇ ဖြစ်ကြောင်းတွေ့ရှိ၍ အမျိုးသမီးများ၏ သွေးလှူဒါန်းမှုကို ပိုမိုအခွင့်အရေးရစေရန် ၎င်းတို့၏ အားလပ်မည့်အချိန်တွင် သွေးလှူဒါန်းနိုင်ရန် စီစဉ်ပေးသင့်ကြောင်း တွေ့ရှိရသည်။

သွေးလှူဒါန်းခွင့်မရသူများတွင် ၁၃၇ဦးအနက် အမျိုးသမီး ၆၉ဦးဖြစ်ပြီး ၎င်းတို့အနက် ၂၇ဦးမှာ သွေးအားမပြည့်ကြောင်း တွေ့ရှိရပါသည်။ သွေးလှူဒါန်းခွင့်မရသူများ၏ အများစုမှာ ၁၈နှစ်မှ ၂၅နှစ်အတွင်း လူငယ်များဖြစ်ပြီး ပထမအကြိမ်လာရောက်လှူဒါန်းသူများ ပိုမိုများပြားကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် သွေးလှူဒါန်းမှု မှန်မှန်ပြုနေသူများအတွက် ဆေးပညာဆိုင်ရာ ဗဟုသုတပိုမိုရှိလာပြီး ကျန်းမာရေး ပိုမိုကောင်းမွန်လာကြောင်းကို အကြိမ်ကြီး (အကြိမ်များစွာ သွေးလှူဒါန်းခဲ့ဖူးသူများ) သွေးလှူရှင်များတွင် သွေးလှူဒါန်းခွင့်မပြုရန် ဟန့်တားမှုနည်းပါးခြင်းမှ ညွှန်ပြနေပေသည်။

ယခုလေ့လာမှုတွင် တွေ့ရှိရသော သွေးလှူဒါန်းသူများအနက် အများစုမှာ ၁၈နှစ်မှ ၂၅နှစ်အတွင်းဖြစ်ကြောင်း တွေ့ရှိရသည်။ ၎င်းမှာ အနာဂတ်လူငယ်များ၏ စိတ်ထားကောင်းမှု၊ အများအကျိုးကူညီပေးလိုမှု၊ မိမိကိုယ်ကိုကျန်းမာအောင်နေထိုင်နိုင်မှု၊ အန္တရာယ်ကင်းသော လူနေမှုအကျင့်စရိုက်များကျင့်သုံးမှုတို့ကို မီးမောင်းထိုးပြနေပေသည်။ ၎င်းလူငယ်ကလေးများ စဉ်ဆက်မပြတ် သွေးလှူဒါန်းမှုကို ပြုလုပ်လာပါက သန့်ရှင်းကျန်းမာ၍ စိတ်ထားကောင်းပြီး လူ့ဘောင်ကို အကျိုးပြုမည့် လူငယ်ကလေးများဖြင့် လှပသော နိုင်ငံတော်ကြီးဖြစ်လာနိုင်ပေမည်။ ၎င်းတို့၏ မိသားစုများမှာလည်း ပျော်ရွှင်ကျန်းမာစိတ်ချမ်းသာ၍လူမှုဒုက္ခကင်းဝေးသော မိသားစုများဖြစ်လာနိုင်ပေမည်။

သွေးလှူဒါန်းမှုများတွင် ပထမအကြိမ် လှူဒါန်းသူများ၏ ထက်ဝက်ခန့် (၄၈၆ဦးအနက် ၂၃၆ဦး)နှင့် ပြန်လည်လှူဒါန်းနေသော သွေးလှူရှင်များ၏ သုံးပုံ နှစ်ပုံခန့် (၈၇၉ဦးအနက် ၃၆၂ဦး)သည် အသက် ၁၈နှစ်မှ ၂၅နှစ်အတွင်း လူငယ်များဖြစ်ကြောင်း တွေ့ရှိရပေသည်။ ထို့ကြောင့် လူငယ်ကလေးများ၏ စဉ်ဆက်မပြတ်သွေးလှူဒါန်းနိုင်မှုနှင့် ၎င်းတို့၏ ပတ်ဝန်းကျင် လူငယ်ကလေးများကို ၎င်းတို့မှ စည်းရုံးလာနိုင်ရန် ဆောင်ရွက်နိုင်မှုတို့အတွက် ထောက်ပံ့ပေးနိုင်ပါက စိတ်ထားကောင်း၍ ကျန်းမာသော လူငယ်ကလေးများ ပိုမိုပေါ်ထွန်းလာမည်ဖြစ်သည်။

ယခုလေ့လာမှုတွင် လှူဒါန်းပြီးသွေးများကို စစ်ဆေးရာ၌ HIV ပိုးတွေ့ရှိမှုကို လုံးဝမတွေ့ရှိရခြင်းကြောင့် သွေးလှူရှင်များ၏ ကျန်းမာရေးအသိရှိမှုနှင့် သွေးလှူဘဏ်မှ သွေးလှူရှင်စိစစ်ရွေးချယ်သည့်စနစ်၏ အကျိုးကျေးဇူးများကို မျက်ဝါးထင်ထင် တွေ့ရှိနိုင်ခဲ့ပါသည်။

အသည်းရောင်အသားဝါဘီပိုးတွေ့ရှိမှုမှာ ၁ ဒသမ ၆ရာခိုင်နှုန်းရှိပြီး အသည်းရောင်အသားဝါစီပိုးတွေ့ရှိမှုမှာ သုည ဒသမ ၁ရာခိုင်နှုန်းနှင့် ကာလသားရောဂါပိုးတွေ့ရှိမှု သုည ဒသမ ၄ ရာခိုင်နှုန်းသာတွေ့ရ၍ အခြားအရှေ့တောင်အာရှတိုင်းပြည်များနှင့် နှိုင်းယှဉ်လျှင် လက်ခံနိုင်ဖွယ်ရှိသော အခြေအနေကို တွေ့ရှိရသည်။ သွေးလှူရှင်များတွင် စစ်ဆေးတွေ့ရှိရသော ပိုးတွေ့ရှိမှု အခြေအနေမှာ ပြည်သူများအတွင်း ၎င်းပိုးများ ပျံ့နှံ့နေမှုကို ထင်ဟပ်နေပါသောကြောင့် ၎င်းစစ်ဆေးတွေ့ရှိမှုနှုန်းများကို စဉ်ဆက်မပြတ်လေ့လာ၍ ကာကွယ်သင့်သည်ကိုကာကွယ်နိုင်ရန် ကြိုးပမ်းရပါမည်။

**ယခုလေ့လာမှုတွင် တွေ့ရှိရသော ပိုးစစ်ဆေးတွေ့ရှိမှုနှုန်းမှာ လွန်ခဲ့သောငါးနှစ်နှင့် နှိုင်းယှဉ်လျှင် သိသာစွာကျဆင်းလာပြီဖြစ်ကြောင်း တွေ့ရှိရသည်။ သို့သော် အသည်းရောင်အသားဝါဘီပိုး တွေ့ရှိမှု အများစုမှာ ၁၈နှစ်နှင့် ၂၅နှစ်အတွင်း ပထမအကြိမ်သွေးလှူရှင်များတွင် အတွေ့အများဆုံးဖြစ်ကြောင်းတွေ့ရှိရ၍ လူငယ်များတွင် ၎င်းအသည်းရောင်အသားဝါဘီပိုး ပျံ့နှံ့မှုကို ကာကွယ်ရန် အထူးလိုအပ်နေကြောင်း တွေ့ရှိရသည်။**

ပထမအကြိမ် သွေးလှူဒါန်းသူများနှင့် မှန်မှန်လှူဒါန်းနေသော သွေးလှူရှင်များတွင် ပိုးတွေ့ရှိမှုကို နှိုင်းယှဉ်ရာ ပထမအကြိမ် လှူဒါန်းမှုပြုသူများတွင် ၆ ဒသမ ၆ဆ ပိုမိုများပြားကြောင်း တွေ့ရှိရပေသည်။ ၎င်းတွေ့ရှိမှုမှာ တွက်ချက်မှုဖြစ်နိုင်ခြေအရ အရေးပါကြောင်း တွေ့ရှိရသည်။

ထို့ပြင် အရေးပေါ်သွေးလှူဒါန်းရန် လူနာများမှ ခေါ်ယူရသော သွေးလှူရှင်များတွင် ပိုးစစ်ဆေးတွေ့ရှိမှု လုံးဝမရှိကြောင်း တွေ့ရသည်။ ယခင်နှစ်များက လူနာများအရေးပေါ်ရှာဖွေရသော သွေးလှူရှင်များတွင် ပိုးစစ်ဆေးတွေ့ရှိမှု ပိုမိုများပြားကြောင်း တွေ့ရှိရ၍ ယခုအခါ အမျိုးသားသွေး ဌာနမှ သွေးလှူရှင်လိုအပ်ပါက လှူဒါန်းပြီးသွေးလှူရှင်များကို ပြန်လည်ခေါ်ယူနိုင်ရန် ကွန်ပျူတာစာရင်းမှတ်ပုံတင်ဖြင့် ဆက်သွယ်ရန် စီစဉ်ပေးပါသောကြောင့် လူနာများခေါ်ယူရသော သွေးလှူရှင်အများစုမှာ မှန်မှန်လှူဒါန်းနေသော သန့်စင်ပြီးသွေးလှူရှင်များ ဖြစ်နေပေသည်။ ထို့ကြောင့် အခြားသွေးလှူဘဏ်များတွင်လည်း အကြောင်းအမျိုးမျိုးကြောင့် သွေးလိုအပ်မှုကို အဆင်သင့် မထောက်ပံ့နိုင်ပါက လှူဒါန်းဖူးသော သွေးလှူရှင်များကို ပြန်လည်စုဆောင်းနိုင်လျှင် လူနာများအတွက် အန္တရာယ်အကင်းဆုံးဖြစ်နိုင်ပေသည်။ ထို့ကြောင့် မိမိတို့သွေးလှူဘဏ်များရှိ သွေးလှူရှင်မှတ်ပုံတင်စနစ်များကို ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားထားသည့်အတိုင်း စနစ်တကျ ဆောင်ရွက်ပါက နှစ်နှစ်ခန့်အတွင်း ငွေကြေးကုန်ကျအနည်းဆုံးဖြင့် အန္တရာယ်အကင်းဆုံးသွေးလှူဘဏ်စနစ်ကို လူနာများအတွက် ထောက်ပံ့နိုင်မည်ဖြစ်ပေသည်။

**ယခုလေ့လာတွေ့ရှိချက်များမှ သွေးလှူရှင်ကြီးများ၏ စေတနာအလျောက် ပါဝင်လှူဒါန်းမှု သိသိသာသာများပြားလာခြင်း၊ လူနာခေါ်ယူရသော သွေးလှူရှင်များကို လှူဒါန်းဖူးပြီးသူများကိုသာ ပြန်လည်ခေါ်ယူရခြင်းအားဖြင့် အန္တရာယ်ကင်းသော သွေးသွင်းကုသမှုကို ခံစားရခြင်း၊ သွေးလှူရှင်များ၏ ကျန်းမာရေးအသိပညာ ဗဟုသုတ တိုးတက်လာခြင်း၊ သွေးလှူရှင်များ၏ မိမိကိုယ်ကို တာဝန်ယူမှု ပိုမိုကျယ်ပြန့်လာခြင်း၊ လူငယ်ကလေးများ၏ ပူးပေါင်းပါဝင်ထောက်ပံ့မှု ပိုမိုများပြားလာခြင်းဖြင့် ကျန်းမာ၍ စိတ်ထားကောင်းသော လူ့ဘောင်ကို ထူထောင်နိုင်ခြင်း၊ အသည်းရောင်အသားဝါဘီပိုး ကာကွယ်ခြင်းကို အလေးထားလုပ်ဆောင်သင့်ခြင်း၊ ပထမအကြိမ်လှူဒါန်းသူများထက် ပြန်လည်လှူဒါန်းသောသွေးလှူရှင်များ၏ ကျန်းမာမှု (သွေးလှူဒါန်းရန်မသင့်၍ ဟန့်တားရမှုနည်းခြင်း)၊ ပိုမိုအန္တရာယ်ကင်းမှု (သွေးအတွင်း ကူးစက်နိုင်သောရောဂါပိုးများ စစ်ဆေးတွေ့ရှိမှုနည်းပါးခြင်း)တို့ကို တွေ့ရှိရသည်။**

အမျိုးသမီးသွေးလှူရှင်များ၏ အလုပ်အားလပ်ချိန်များတွင် သွေးလှူဒါန်းမှု ပိုမိုများပြားလာကြောင်းကိုလည်း တွေ့ရှိရသည်။

ထို့ကြောင့် သွေးသွင်းကုသရာတွင် ပြန်လည်လှူဒါန်းမှုပြုနေသော သွေးလှူရှင်ကြီးများ၏သွေးဖြင့် ကုသမှုပြုခြင်းသည် လူနာများအတွက် အန္တရာယ်အကင်းဆုံးနည်းလမ်းဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

တိုးပွားလာသောပြည်သူတို့၏ ကျန်းမာရေးအသိပညာဗဟုသုတနှင့် လူနာများအပေါ် စေတနာထားနိုင်မှုတို့ကို လေးစားဂုဏ်ယူရင်းဖြင့် ကျန်းမာ၍ မှန်မှန်လှူဒါန်းနေသော သွေးလှူရှင်ကြီးများ ပိုမိုများပြားစွာ ပေါ်ပေါက်လာပါစေကြောင်း ဆုတောင်းလိုက်ပါသည်။ သွေးလှူဒါန်းမှုများ အထမြောက်စေရန် ကိုယ်ကျိုးတစ်စုံတစ်ရာမရှုယ်ကိုးဘဲ ငွေအား၊ လူအားဖြင့် စိတ်ရောကိုယ်ပါ ထောက်ပံ့အားပေးနေကြသည့် စေတနာရှင်များအားလည်း ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း ဤဆောင်းပါးဖြင့် ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၁၅-၁၂-၂၀၁၀ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၁၀ ၃။ နိုင်ငံတော်သီချင်း
၄း၁၅ ၄။ အဖွင့်သီချင်း
၄း၂၀ ၅။ အမျိုးသားရေး တေးကဗျာ
၄း၂၅ ၆။ လျှပ်တစ်ပြက်
၄း၃၀ ၇။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၃၅ ၈။ မျိုးချစ်တပ်မတော်
၄း၄၀ ၉။ ရွှေဟောင်းသုတ
၄း၄၅ ၁၀။ ရင်ခုန်စီးဆင်းအချစ် သီချင်း
၄း၅၅ ၁၁။ မြန်မာ့ရှုခင်း
၅း၃၅ ၁၂။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၄၀ ၁၃။ **ရသစုံလင် ရုပ်မြင် ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၂၁)**
၆း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၂၀ ၁၅။ အမျိုးသားရေးတေးကဗျာ
၆း၃၅ ၁၆။ Mail Box
၆း၄၅ ၁၇။ ကာတွန်းအစီအစဉ် -ဆိုက်ကစ်ပါဝါသူရဲကောင်းလေးများ (အပိုင်း -၂၉)
၇း၀၀ ၁၈။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောအားမာန် (အပိုင်း-၁၇)**
၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြား သတင်း
၂၀။ အမျိုးသားရေး တေးကဗျာ
၂၁။ နိုင်ငံတကာသတင်း
၂၂။ မိုးလေဝသသတင်း
၂၃။ ရယ်စရာရွှင်စရာ ဟာသပဒေသာ -ဘိုင်စကုတ်ထဲကအချစ် (မိုးယံဇွန်၊ ငြိမ်းချမ်း၊ ကောင်းကျော်၊ ဝိုင်းချစ်၊ စံလင်း၊ ချမ်းမီမီကို၊ တက္ကသိုလ်ဂွမ်းပုံ၊ မျိုးမျိုးခိုင်၊ နှိုင်းယှဉ်မြင့်မိုရ်၊ ယမုံရော) [ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)] (အပိုင်း-၂) (ဇာတ်သိမ်း)
၂၄။ Internet Website ကဏ္ဍ
၂၅။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သိုင်းသမားခုနစ်ဖော် (အပိုင်း-၂၅)**
၂၇။ သင့်အတွက်မနက်ဖြန်
၂၈။ အပိတ်နှုတ်ဆက်စကား
၂၉။ ပြီးပါပြီ။

(15-12)06.pmd 1 12/15/2010, 2:51 AM

# ဒီဇင်ဘာအားကစားလ လူထုလမ်းလျှောက်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် တက်ရောက်ဆင်နွှဲ

နေပြည်တော် ဒီဇင်ဘာ ၁၄

**စစ်ကိုင်းတိုင်းဒေသကြီး ဒီဇင်ဘာအားကစားလ စုပေါင်းလူထုလမ်းလျှောက်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၄ ရက်တွင် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် တက်ရောက်ဆင်နွှဲသည်။**

အဆိုပါလမ်းလျှောက်ပွဲသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြပြီး မုံရွာမြို့ မြို့တော်ခန်းမရှေ့မှ အမှတ် (၂)ဂေါက်ကွင်းအထိ စုပေါင်းလမ်းလျှောက်ကြကာ ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ စုပေါင်းပြုလုပ်ကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် ကလေးဝမြို့ရှိ မြစ်သာကြိုးတံတားကို ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

တိုင်းမှူးနှင့်အဖွဲ့သည် ဒီဇင်ဘာ ၅ ရက်တွင် ကလေးမြို့နယ် ကျောင်းတိုက်ရွာသို့ ရောက်ရှိကြပြီး တောင်သူတစ်ဦး၏ မိုးစပါးစိုက်ကွက်၌ မိုးစပါးရိတ်သိမ်းနေမှုကို ကြည့်ရှုကာ ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ကလေးမြို့နယ် မြလင်းရွာရှိ နတ်မြောင်းတံတားကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

တိုင်းမှူးသည် ဒီဇင်ဘာ ၆ ရက်တွင် လမ်းပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ယင်းမာပင်မြို့နယ် အောင်ဇေယျမြို့သစ် စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက အိမ်ရာများဆောက်လုပ်ပြီးစီးမှု၊ နေရာချထားမှုနှင့် နေရာချထားရန် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့သည် တာဝန်ရှိသူများလိုက်ပါလျက် ပုသိမ်-မုံရွာ လမ်းမကြီး ဖောက်လုပ်ခြင်း စီမံကိန်း ရှင်းလင်းဆောင်နှင့် မုံရွာမြို့နယ်အလုံတပ်မြို့ရှိ ကွန်ကရစ်အုတ်ဘလောက်တုံး စက်ရုံတို့သို့ ရောက်ရှိစစ်ဆေးကြရာ တာဝန်ရှိသူများက လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



(၁၀)ကြိမ်မြောက် အာရှ မသန်စွမ်းသူများအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်မှ ဒုတိယအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီးကျော်စိုး(ကာကွယ်ရေးဝန်ကြီးဌာန)နှင့်အဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ လိုက်ပါပို့ဆောင်သူများနှင့်အတူ တွေ့ရစဉ်။

(သတင်းစဉ်)

# အာရှမသန်စွမ်းသူများ အားကစားပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာမသန်စွမ်းသူများ အားကစားအဖွဲ့ထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၁၄**

တရုတ်နိုင်ငံ ကွမ်ကျိုးမြို့၌ ဒီဇင်ဘာ ၁၂ရက်မှ ၂၀ ရက်အထိ ကျင်းပသည့် (၁၀)ကြိမ်မြောက် အာရှမသန်စွမ်းသူများအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်မှ ဒုတိယအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီး ကျော်စိုး (ကာကွယ်ရေးဝန်ကြီးဌာန)၊ အုပ်ချုပ်၊ နည်းပြနှင့် အားကစားသမား ၂၀ တို့သည် ဒီဇင်ဘာ ၁၁ ရက် (စနေနေ့) မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ တရုတ်နိုင်ငံသို့ ထွက်ခွာသွားရာ အားကစားဝန်ကြီးဌာနနှင့် မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာမသန်စွမ်းသူများ အားကစားအဖွဲ့ အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကြီးဌေးနိုင် (ကာကွယ်ရေးဝန်ကြီးဌာန)နှင့် အဖွဲ့ဝင် ၁၂ ဦးတို့သည် ဒီဇင်ဘာ ၈ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကြိုတင်ထွက်ခွာသွားကြပြီး မြန်မာမသန်စွမ်းအားကစားအဖွဲ့သည် ပြေးခုန်ပစ်၊ ရေကူးနှင့် ထိုင်လျက်ဘော်လီဘောတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# (၂၃)ကြိမ်မြောက် (YMBA) သက်ကြီးပူဇော်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA)၏(၂၃)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့်၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာဘာသာရပ်၌ အမှတ်အများဆုံးရရှိသည့်ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၂ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းရှိအဆိုပါ အသင်းတိုက်ခန်းမဆောင်၌ ကျင်းပရာ ရှေးဦးစွာ အသင်းဥက္ကဋ္ဌ ဦးတင်ဝင်း (မင်္ဂလမွေ ဇောတိကဇေ)က အမှာစကား ပြောကြားသည်။

ထို့နောက် ကန်တော့ခံ သက်ကြီးပုဂ္ဂိုလ်များအား လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြပြီး ကန်တော့ခံပုဂ္ဂိုလ်များကိုယ်စား နာယက ရာမဦးအုန်းမောင်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး၌ မြန်မာစာဘာသာရပ်တွင်ပထမ၊ဒုတိယ၊တတိယရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ကြပြီး ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် အလှူရှင်များက သက်ကြီးပူဇော်ပွဲအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)



၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ မြန်မာတစ်နိုင်ငံလုံး၌ မြန်မာစာဘာသာရပ်တွင် ပထမဆုရသူတစ်ဦးအား YMBA အသင်းဥက္ကဋ္ဌ ဦးတင်ဝင်း (မင်္ဂလမွေ ဇောတိကဇေ) ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)



ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်း အမှတ် ၁၆၁/၁၆၂ရှိ ကျိုလီယာမွတ်စလင်မ် သာသနာ့ရန်ပုံငွေအဖွဲ့မှ နာယကများနှင့် အလုပ်အမှုဆောင်အဖွဲ့ နိုဝင်ဘာ ၂၉ ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပင်မဆောင်ရှိ လူနာဆောင်သုံးခုတွင် နံရံကပ်ပန်ကာများတပ်ဆင်နိုင်ရန် ၁၆ လက်မ နံရံကပ်ပန်ကာ ၆၈ လုံးနှင့် လိုအပ်သော ဆက်စပ်ပစ္စည်းများ တန်ဖိုးငွေကျပ် ၁၇၈၇၁၂၀ ကို ဒုတိယအကြိမ်လှူဒါန်းစဉ်။ (ကြေးမုံ)




# Falcon အင်ဂျင်ဝိုင် အရောင်းမြှင့်တင်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

Falcon အင်ဂျင်ဝိုင်၏ Mega Sales Promotion အရောင်းမြှင့်တင်ပွဲ အစီအစဉ်နှင့် Falcon အင်ဂျင်ဝိုင် 1L အတုများ ဈေးကွက်အတွင်း တွေ့ရှိချက်များနှင့် ပတ်သက်၍ သုံးစွဲသူများအား အသိပေးခြင်းကို နိုဝင်ဘာ၂၅ရက်က Falcon အင်ဂျင်ဝိုင် တရားဝင်တင်သွင်းရောင်းချလျက်ရှိသော ဟန်ရတနာတင် ကုမ္ပဏီ၏ ရုံးဌာန၌ ကျင်းပရာ မန်နေဂျာက လက်ရှိဈေးကွက်အတွင်း မော်တော်ဆိုင်ကယ်သုံး Falcon Super 2000 1L အတု ပေါ်ပေါက်နေပြီး အချို့အရောင်းဆိုင်များတွင် အစစ်အနေနှင့် ထင်ယောင်ထင်မှား ဖြစ်အောင် သုံးစွဲသူများအား လိမ်လည်ရောင်းချနေသည်ကို စုံစမ်းတွေ့ရှိရကြောင်း၊ ၎င်း Falcon အင်ဂျင်ဝိုင်အတုများကို စက်ရုံများသို့ပေးပို့ဓာတ်ခွဲကြည့်ရာ အရည်အသွေး လုံးဝမရှိသော ပြန်စစ်ဆီဟောင်း (Recycle Oil) ထည့်သွင်းထားကြောင်း၊ ၎င်း၏ အကျိုးဆက်ကြောင့် စက်အစိတ်အပိုင်းများ ချက်ချင်းလက်ငင်း ထိခိုက်ပျက်စီးစေနိုင်ကြောင်း၊ သို့ဖြစ်၍ သုံးစွဲသူများထိခိုက်နစ်နာဆုံးရှုံးမှုများ မရှိစေရန်နှင့် Falcon အမှတ်တံဆိပ် အင်ဂျင်ဝိုင်အပေါ် ယုံကြည်စိတ်ချမှု ပျက်ပြားစေပြီး မှန်မှန်ကန်ကန်ရောင်းချဖြန့်ဖြူးနေသော အရောင်းကိုယ်စားလှယ်များ၏ အကျိုးစီးပွားကိုပါ ထိခိုက်အောင် ပြုလုပ်သော အတုအပ တင်သွင်းဖြန့်ဖြူး ရောင်းချသူများကို တရားဥပဒေဘောင်အတွင်းမှ ထိထိရောက်ရောက်အရေးယူနိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း ပြောကြားသည်။

**(အပေါ်ပုံ)**

ထို့နောက် အတုများနှင့် ခွဲခြားသိသာစေရန် အရောင်းမြှင့်တင်ရေး ကာလအတွင်း တရားဝင် အရောင်းကိုယ်စားလှယ်ဆိုင်များမှ မူရင်းပစ္စည်းမှန် Falcon အင်ဂျင်ဝိုင်တစ်ဘူး၊ တစ်ပုံးဝယ်ယူသူတိုင်း ကံစမ်းမဲ စတစ်ကာတစ်ခုနှင့် ကတ်ပြားတစ်ခုကို ရရှိမည်ဖြစ်ကြောင်း၊ စတစ်ကာပေါ်ရှိ နံပါတ်ပေါ် ပေါက်မဲများကို ဇန်နဝါရီလ နှင့် မတ်လကုန်များတွင် တစ်ကြိမ်စီမဲဖောက်ပေးမည်ဖြစ်ကြောင်း၊ မဲမပေါက်သော စတစ်ကာများကို ကတ်ပြားပေါ်ရှိ အကွက်အရေအတွက် ပြည့်မီအောင် စုဆောင်းပြီး ငွေသားပြန်အမ်းငွေ ခံစားခွင့်ရယူနိုင်အောင် ဝယ်ယူသုံးစွဲသူများအတွက် ထပ်ဆင့် စီစဉ်ထားကြောင်း ပြောကြားသည်။ ယင်းနောက်နောက်ဆုံးပေါ် အင်ဂျင်စက်မှုနည်းပညာများနှင့် သင့်တော်သော အဆင့်မြင့် Falcon အင်ဂျင်ဝိုင် Super 2000 (Gold), XMD (G-15), XMD (G-20) အမျိုးအစားသစ်သုံးမျိုး၏ ဂုဏ်သတ္တိများ အကြောင်း ဆွေးနွေးတင်ပြသည်။ ဟန်ရတနာတင် ကုမ္ပဏီ၏ အရောင်းအင်ဂျင်နီယာက မိမိတို့ Falcon စက်ရုံမှာ ကမ္ဘာကျော် တံဆိပ်များ၏ နောက်ကွယ်မှ ၎င်းတို့၏ တံဆိပ်အင်ဂျင်ဝိုင်များကို OEM Contract စနစ်ဖြင့် ထုတ်လုပ်ပေးနေသော စက်ရုံကြီးတစ်ခုဖြစ်ပြီး အကြံပြုဆွေးနွေးချက်များရှိပါက ဟန်ရတနာတင်ကုမ္ပဏီ လီမိတက် ဖုန်း -၂၂၆၃၀၀ နှင့် ၂၂၆၂၅၈ တို့သို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း ရှင်းလင်းပြောကြားသည်။

(သတင်းစဉ်)

# မြန်မာအဏ္ဏဝါသိပ္ပံအသင်း မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

မြန်မာအဏ္ဏဝါသိပ္ပံအသင်း (MSAM) တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို ဒီဇင်ဘာ ၁၈ ရက်(စနေနေ့) ညနေ ၄ နာရီတွင် ရန်ကုန်မြို့ M3 Food Centre ၌ ကျင်းပမည်ဖြစ်ပါ၍ ဦးစိုးထွန်း ဖုန်း-၀၉- ၅၃၂၂၀၁၄၊ ဦးခင်မောင်ချို ဖုန်း-၀၉-၅၂၀၁၂၄၀၊ ဒေါ်နန်းမြဟန် ဖုန်း- ၀၅၉-၄၂၀၄၉၊ ဦးတင့်ထွန်း ဖုန်း-၅၁၃၁၆၅၊ ဦးအောင်ကြည်ဦး ဖုန်း-၀၉-၈၇၀၂၀၄၃၊ ဦးထွန်းအေး ဖုန်း-၅၁၄၉၀၄၊ ဦးရဲမင်းထွန်း ဖုန်း-၀၉-၅၁၆၃၃၅၁၊ ဦးသန့်ဇင် ဖုန်း-၀၉-၅၀၆၀၅၁၅၊ ဦးစိုးလွင် ဖုန်း-၆၅၀၉၃၃၊ ဦးနေထွဋ်တင် ဖုန်း-၅၃၉၂၂၅၊ ဒေါ်ခိုင်သီထွန်း ဖုန်း-၀၉-၅၁၀ ၁၄၅၃၊ ဦးမျိုးတင့် (ခ)ပီတာ ဖုန်း-၀၉-၄၉၈ ၀၃၆၇၅၊ဦးစိုင်းအုန်းမြင့် ဖုန်း- ၀၉-၅၀၃၀ ၀၀၉၊ ဦးမြစိုး ဖုန်း-၇၃၁၀၆-၁၁၅၊ ဦးသန့်ဇော်ဝင်း ဖုန်း- ၀၉-၅၁၀၇၃၇၅၊ ဦးရဲမင်းဦး ဖုန်း-၀၉-၅၀၅၈၃၁၈နှင့် ဦးဝင်းလှိုင် ဖုန်း-၀၉-၅၁၉၀၂၆၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

# ဗီဒီယိုအခြေခံအဖွဲ့ (ဗဟို)နှင့် ရမည်းသင်းခရိုင် ဗီဒီယိုလုပ်ငန်းရှင်များ တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် ဗီဒီယိုအခြေခံအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးခင်ဌေး၊ မန္တလေးတိုင်းဒေသကြီး ဗီဒီယိုအခြေခံအဖွဲ့ဥက္ကဋ္ဌ ဦးမိုးကျော်ထွန်း၊ အတွင်းရေးမှူး ဦးရဲမင်းထွန်းတို့နှင့် ရမည်းသင်းခရိုင် ဗီဒီယိုလုပ်ငန်းရှင်များ တွေ့ဆုံညှိနှိုင်းပွဲကို ဒီဇင်ဘာ ၃ ရက် နံနက် ၁၀ နာရီခွဲတွင် ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ ရုပ်ရှင်နှင့် ဗီဒီယိုအခြေခံ(ဗဟို)ဥက္ကဋ္ဌက အမှာစကား ပြောကြားသည်။

ထို့နောက် ရမည်းသင်းမြို့နယ် ဗီဒီယိုအခြေခံအဖွဲ့ဥက္ကဋ္ဌနှင့် ပျော်ဘွယ်မြို့နယ် ဗီဒီယိုအခြေခံအဖွဲ့ ဥက္ကဋ္ဌတို့က မိမိတို့၏ လုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို တင်ပြကြပြီး လုပ်ငန်းရှင်အချို့၏ မေးမြန်းချက် များအပေါ်(ဗဟို)ဥက္ကဋ္ဌက ပြန်လည် ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

**မိုး သတိပြု**





○ **ကျောဖုံးမှ**

ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အစီအစဉ်အရ ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများက ကွင်းအတွင်း သတ်မှတ်နေရာများ၌ နေရာယူကြပြီး စစ်ရေးချုပ်အား အလေးပြုကြသည်။

ထို့နောက် စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦးက အမှာစကားပြောကြားသည်။

ယင်းနောက် စစ်ရေးချုပ်အား အားကစားသမားများက စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြပြီး ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသွားကြသည်။

ထို့နောက် စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သက်နိုင်ဝင်း၊ တိုင်းမှူးနှင့် ပရိသတ်များက ဖွင့်ပွဲနေ့ ပွဲစဉ်ဖြစ်သည့် နေပြည်တော်တိုင်းစစ်ဌာနချုပ် ဘောလုံးအသင်းနှင့် အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

၂၀၁၀ ခုနှစ် (၄၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲတွင် ဘောလုံးအသင်းပေါင်း ၃၆ သင်း ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ပြိုင်ပွဲကို နေပြည်တော် အမှတ်(၁) ဘောလုံးကွင်းနှင့် နေပြည်တော်၊ ပျဉ်းမနား၊ ပေါင်းလောင်း အားကစားကွင်းတို့၌ ဒီဇင်ဘာ ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

## ကြည့်ရှုအားပေး

**စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သက်နိုင်ဝင်းတို့ ၂၀၁၀ ခုနှစ် (၄၉)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲနေ့ ပွဲစဉ် ဖြစ်သည့် နေပြည်တော်တိုင်းစစ်ဌာနချုပ် ဘောလုံးအသင်းနှင့် အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။**
(သတင်းစဉ်)

# အမှတ်(၂)စက်မှုဝန်ကြီး ဦးစိုးသိန်း
## မကွေးတိုင်းဒေသကြီးအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများ စစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၄**

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းသည် ဒီဇင်ဘာ ၁၃ ရက်တွင် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း၏ အမှတ်(၃) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ(မကွေး)သို့ ရောက်ရှိပြီး အကြီးစား ကုန်တင်ယာဉ်ထုတ်လုပ်မှုအတွက် ပြည်ပမှ ရောက်ရှိလာသည့် စက်ပစ္စည်းများ နေရာချထားမှုနှင့် တပ်ဆင်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဝန်ကြီးသည် စက်မှုနယ်မြေအတွင်း တည်ဆောက်လျက်ရှိသည့် Transmission အလုပ်ရုံစီမံကိန်းနှင့် စက်မှုသင်တန်းကျောင်း (မကွေး) တည်ဆောက်မှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

✳ **အရှိန်ပြင်းမှ**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲ၌ နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့ဌာနခွဲမှူး ရဲမှူး မျိုးညွှန့်ဦးက ပြောကြားသည်။

ယာဉ်တိုက်မှုဖြစ်စဉ်များအနက် အများစုမှာ မော်တော်ဆိုင်ကယ်ကြောင့် ဖြစ်ပွားရသည့် ယာဉ်တိုက်မှုမှာ အများစုဖြစ်သည်။ ယခုနှစ်အတွင်းဖြစ်ပွားသည့် ယာဉ်တိုက်မှု ၃၁၃ မှုအနက် ၁၅၆ မှုမှာ မော်တော်ဆိုင်ကယ်များကြောင့် ဖြစ်ပွားရခြင်းဖြစ်ကြောင်းဖြင့်လည်း ၎င်းက ထည့်သွင်းပြောကြားသည်။

“ဆိုင်ကယ်စီးရာမှာ ဦးထုပ်ကို မဆောင်းကြတဲ့အတွက် မတော်တဆဖြစ်ပြီဆိုတာနဲ့ ဦးခေါင်းကိုထိခိုက်ပြီး သေဆုံးကြရတာများပါတယ်။ ပြီးတော့ အရှိန်ပြင်းမောင်းနှင်ကြတယ်၊ ကျွမ်းကျင်မှုမရှိ၊ လိုင်စင်မရှိဘဲလည်း မောင်းကြတယ်။ ဆိုင်ကယ်တစ်စီးကို လူသုံးယောက်၊ လေးယောက်စီးနင်းကြတဲ့အတွက်လည်း အန္တရာယ်ဖြစ်ကြရတယ်” ဟု ရဲမှူးက ပြောကြားသည်။

မိမိတို့ နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီအနေဖြင့် မော်တော်ဆိုင်ကယ် စီးနင်းသူများ အန္တရာယ်ကင်းဝေးစေရေး ပညာပေးလုပ်ငန်းများကို ကျေးရွာအရောက် ပညာပေးရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း၊ ၇ပေ × ၅ပေ အရွယ် ကြေညာချက်ဆိုင်းဘုတ်များ စိုက်ထူခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ မီဒီယာများ၌ ဖော်ပြနိုင်ရေးအတွက် ဆောင်ရွက်ခြင်းစသည့် နည်းလမ်းအသွယ်သွယ်ဖြင့် ဆောင်ရွက်နေကြောင်းဖြင့်လည်း ၎င်းက ထည့်သွင်းပြောကြားသည်။

ဆိုင်ကယ်စီးနင်းသူများ အန္တရာယ်ကင်းဝေးစေရေးအတွက် အဆင့်မီဦးထုပ် ( Helmet)ကို စောင်းပြီး မေးသိုင်းကြိုးကိုလည်း ခိုင်ခံ့စွာ တပ်ဆင်ရန်၊ အရှိန်ပြင်းစွာ မမောင်းရန်၊ နှစ်ယောက်ထက်ပိုမစီးရန်၊ မူးယစ်သောက်စားပြီး မမောင်းရန်၊ စနစ်တကျသင်ကြားတတ်မြောက်ပြီးမှ စီးနင်းရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာရန်လိုကြောင်း ရဲမှူးက အကြံပြုပြောကြားသည်။

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီသည် ယနေ့ (ဒီဇင်ဘာ ၁၅ )ရက် နေ့မှစ၍ နေပြည်တော်တစ်ဝန်းတွင် အဖွဲ့နှစ်ဖွဲ့ခွဲကာ စစ်ဆေးပညာပေးရေးလုပ်ငန်းများကို ပြုလုပ်သွားမည်ဖြစ်ရာ မော်တော်ယာဉ်ကြီးများ၊ လုပ်ငန်းခွင်သုံးယာဉ်ကြီးများ သတ်မှတ်လိုင်စင်ရှိ၊ မရှိ စစ်ဆေးခြင်း၊ ယာဉ်မောင်းများ သတ်မှတ်လိုင်စင်ရှိ၊ မရှိနှင့် တန်ပိုတင်ဆောင်မောင်းနှင်ခြင်းတို့နှင့် စပ်လျဉ်း၍ စစ်ဆေးပညာပေးခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ပထမပတ်အတွင်းအထိ ခရီးသည်တင်ယာဉ်၊ ဘီလပ်မြေသယ်ယာဉ်၊ ကုန်တင်ယာဉ်၊ အုတ်သဲကျောက်သယ်ယာဉ် စသော ယာဉ်ကြီးများကြောင့် အစုလိုက်အပြုံလိုက်သေကြေဒဏ်ရာရခဲ့သည့် ယာဉ်တိုက်မှုဖြစ်စဉ် ၂၁ ခုဖြစ်ပွားခဲ့ရာ ၂၄ ဦးသေဆုံးခဲ့ပြီး ၃၆ ဦး ဒဏ်ရာရခဲ့သည်။

(ကြေးမုံ)





## ကြိုဆိုနှုတ်ခွန်းဆက်

**2nd JAPAN CUP KARATEDO CHAMPIONSHIP, 2010 ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. MR. TAKASHI SAITO ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။**
(ကရာတေးဒိုအဖွဲ့ချုပ်)

# 2nd JAPAN CUP KARATEDO CHAMPIONSHIP, 2010 ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၄

**အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံရုံး၏ အဓိကပံ့ပိုးကူညီမှုတို့ဖြင့် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်က ဦးစီးကျင်းပသည့် 2nd JAPAN CUP KARATEDO CHAMPIONSHIP, 2010 ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။**

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Takashi Saito နှင့် သံရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကရာတေးဒို အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်၊ အထွေထွေအတွင်းရေးမှူး ဦးစိုးဝင်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ကရာတေးဒိုအားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အားကစားသမားများသည် သတ်မှတ်နေရာ၌ နေရာယူကြပြီး မြန်မာနိုင်ငံကရာတေးဒို အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်က အဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဂျပန်နိုင်ငံသံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစား ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဂျပန်နိုင်ငံသံအမတ်ကြီးနှင့် မြန်မာနိုင်ငံကရာတေးဒို အဖွဲ့ချုပ် ဥက္ကဋ္ဌတို့က ပြိုင်ပွဲဝင် အသင်းများအား လိုက်လံနှုတ်ဆက်ကြပြီး ပြိုင်ပွဲဝင်အသင်းများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြကာ ဂျပန်နိုင်ငံမှ ပေးအပ်လှူဒါန်းထားသော ကရာတေးဒို အားကစားပြိုင်ပွဲသုံး ပစ္စည်းများကို ကြည့်ရှုကြသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာ အဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌက ဂျပန်နိုင်ငံ သံအမတ်ကြီးအား ကရာတေးဒို ပြိုင်ပွဲသုံးပစ္စည်းများ လှူဒါန်းမှုအတွက် ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းနှင့် မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၃) အခြေခံပညာ မူလတန်းလွန်ကျောင်းတို့မှ တာဝန်ခံ ဆရာမကြီးများအား ကျောင်းရန်ပုံငွေအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်မှ မျိုးဆက်သစ် လူငယ်များက ကရာတေးဒိုအားကစားနည်းစနစ်များကို သရုပ်ပြကြပြီး ပထမနေ့ ပြိုင်ပွဲ ပွဲစဉ်များကို စတင်ကျင်းပသည်။

ဒီဇင်ဘာ ၁၅ ရက် နံနက် ၉ နာရီတွင် ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယင်းအားကစား ပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# Electronic & Living Products Show
## မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၄**

Conquest Organizing Group က ကြီးမှူး၍ Electronic & Living Products Show ကို မန္တလေးမြို့ မြို့တော်ခန်းမ၌ ဒီဇင်ဘာ ၁၇ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့်အစား ဒီဇင်ဘာ ၂၄ ရက်မှ ၂၇ ရက်အထိ ပြောင်းလဲ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် Sky Net (ရွှေသံလွင် Co.,Ltd), Lucky Home Construction & Decoration, Home Distribution Group, Tour de Myanmar Travels & Tours, Angel Pearl (Aquos Cosmetics & Hair Care), Ever Seiko Co.,Ltd, Do Ko Hospital Equipments & Supplies, Family Entertainment, Olympic Electronic, Winter Root Computer, MNZ ငွေရေစက်, Asia General Electronic, Rinnai ဂက်(စ်)မီးဖို, S.Y.H, CHINT ကြိမ်တိုက်, မလိခ Electronic, Three Friends Co., Ltd, အောင်ဖိုက်ဘာဂလက်(စ်), United Pharma Co.,Ltd., True Fashion, Smart Electronic Dictionary, Technoland, Kai Kai Mobile, မြပန်ဝါ Co.,Ltd., (စင်ထွာ), D-station Battery, Index Fashion, စင်ကာပူအသားပြား, Plano Audio, Latest Fashion, Origano Sauce, Authentic, Ocean Glory, Sogo Electric/Popular Plastic, EMP (Haicneal ခေါင်းလျှော်ရည်), Clean Water Tank, Rich Coffeemix တို့ ပါဝင်ပြသမည်ဖြစ်သည်။

Electronic & Living Products Show တွင် ပါဝင်ပြသလိုသူများသည် Conquest Organizing Group အမှတ်(၁၂) ဒုတိယထပ် ခေမာလမ်း လှည်းတန်းလမ်း အမှတ်(၈)ရပ်ကွက် ကမာရွတ်မြို့နယ် ဖုန်း-၀၁-၅၁၁၄၃၉၊ ၀၁-၇၃၀၉၄၇၃၄ နှင့် ၀၉-၅၀၈၄၇၃၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

# အထက ဖောင်တော်သီ
## မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

အထက ဖောင်တော်သီ၏ (၂၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၉ ရက် (တနင်္ဂနွေနေ့)တွင် အထက ဖောင်တော်သီ အေးမြသီတာခန်းမ၌ ကျင်းပမည်ဖြစ်ပြီး အသက်(၆၀)ပြည့်အငြိမ်းစားဆရာကြီး၊ ဆရာမကြီး ၄၇ ဦးတို့အား ပူဇော်ကန်တော့မည်ဖြစ်ရာ နေပြည်တော်၌ ဒေါ်ခင်စောဝင်း ဖုန်း-၀၆၇-၄၁၄၆၁၂၊ ရန်ကုန်မြို့၌ဦးခင်ကျော် ဖုန်း-၀၉-၅၀၀၄၂၈၄၊ ဦးသိန်းကြည် ဖုန်း-၀၉-၅၀၀၆၅၀၇၊ ဦးရဲဝင်း ဖုန်း-၀၉-၅၁၀၆၂၀၊ ဦးကြည်အောင် ဖုန်း-၅၉၃၄၆၉၊ ဦးရင်နွတ် ဖုန်း-၀၉-၅၀၇၃၃၄၁၊ မန္တလေးမြို့၌ ဒေါ်ခင်မူ ဖုန်း-၀၉-၅၁၄၂၈၅၁၊ တောင်ကြီးမြို့၌ ဦးသိန်းဝင်း ဖုန်း-၀၉-၅၂၁၁၈၀၆၊ ရေတာရှည်မြို့၌ ဦးမောင်မြင့် ဖုန်း-၀၅၄၂၇၄၆၆နှင့် တောင်ငူမြို့၌ ဦးသန်းဦး ဖုန်း-၀၅၄၂၄၆၁၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး ရန်ကုန်မြို့မှ ကားဖြင့်လိုက်ပါလိုသူများ တစ်ပတ်ကြိုတင်စာရင်းပေးကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။

(ကြေးမုံ)

# သောင်တူးရေယာဉ်များနှင့် အထောက်အကူပြု ရေယာဉ်များ ဝယ်ယူမှုစာချုပ် ချုပ်ဆိုပွဲ ဝန်ကြီး ဦးသိန်းဆွေ တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၁၄

**ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Aero-Technology Import & Export Corporation (CATIC) Beijing Co., Ltd. တို့ကြား သောင်တူးရေယာဉ်နှင့် အထောက်အကူပြု ရေယာဉ်များ ဝယ်ယူမှုစာချုပ် ချုပ်ဆိုခြင်း အခမ်းအနားကို ယမန်နေ့ညနေ ၆နာရီခွဲတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ မြတ်တော်ဝင်ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေနှင့် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ China National Aero-Technology Import & Export Corporation (CATIC) အဖွဲ့မှ Vice President Mr. Liu Jianhai နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ ဝန်ကြီး ဦးသိန်းဆွေက အမှာစကားပြောကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ CATIC ကုမ္ပဏီမှ Vice President Mr. Liu Jianhai နှင့် တာဝန်ရှိသူတစ်ဦးတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

**လဲလှယ်**

ယင်းနောက် ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ပူးတွဲ) ဦးလှမြင့်သိန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ CATIC ကုမ္ပဏီမှ Vice President Mr. Liu Jianhai တို့က သောင်တူးရေယာဉ်နှင့် အထောက်အကူပြု ရေယာဉ်များ ဝယ်ယူမှုစာချုပ်ကို လက်မှတ်ရေးထိုး လဲလှယ်ကြသည်။

ယနေ့ဝယ်ယူသည့် သောင်တူးရေယာဉ်နှင့် အထောက်အကူပြု ရေယာဉ်များကို မြန်မာနိုင်ငံ၏ ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက် အဓိက အားထားရဆုံးဖြစ်သော ဧရာဝတီမြစ်၊ ချင်းတွင်းမြစ် မြစ်ကြောင်းထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အားဖြည့်အသုံးပြုသွားမည့်အပြင် ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ် ကမ်းရိုးတန်းဒေသများအတွင်း ရေကြောင်းထိန်းသိမ်းရေးလုပ်ငန်းများကို ယခင်ကထက် ပိုမိုဆောင်ရွက်သွားနိုင်မည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အမှာစကားပြောကြား

**ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Aero-Technology Import & Export Corporation(CATIC) Beijing Co., Ltd. တို့အကြား သောင်တူးရေယာဉ်နှင့် အထောက်အကူပြု ရေယာဉ်များ ဝယ်ယူမှုစာချုပ် ချုပ်ဆိုခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**(သတင်းစဉ်)

## (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

- ☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။
- ☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။
- ☆ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းဆက်လက်ကြိုးပမ်းဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်၌ ရရှိထားပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုနှင့် တရားဥပဒေစိုးမိုးမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှု အရှိန်အဟုန်ကို ပိုမိုခိုင်မာစေရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။
- ☆ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်ရာတွင် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေးသည် ပဓာနကျသဖြင့် ပြည်ထောင်စုပြိုကွဲစေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ယိုယွင်းပျက်စီးစေရန် ဖျက်လိုဖျက်ဆီး ကြံစည်အားထုတ် လုပ်ဆောင်လာမှုမှန်သမျှကို တိုင်းရင်းသားအားလုံးက သတိကြီးစွာဖြင့် တားဆီးကာကွယ်ရေး။






# (၁၄)ကြိမ်မြောက် အာဆီယံလူဝင်မှုကြီးကြပ်ရေး ညွှန်ကြားရေးမှူးချုပ်များနှင့် ကောင်စစ်ရေးရာဌာနမှူးများ အစည်းအဝေးနှင့် (၆)ကြိမ်မြောက် အာဆီယံလူဝင်မှုကြီးကြပ်ရေး ထောက်လှမ်းရေးဆိုင်ရာဆွေးနွေးပွဲ ကျင်းပပြီးစီး

**နေပြည်တော် ဒီဇင်ဘာ ၁၄**

(၁၄)ကြိမ်မြောက် အာဆီယံလူဝင်မှုကြီးကြပ်ရေး ညွှန်ကြားရေးမှူးချုပ်များနှင့် ကောင်စစ်ရေးရာဌာနမှူးများ အစည်းအဝေး (DGICM)နှင့် (၆)ကြိမ်မြောက် အာဆီယံလူဝင်မှုကြီးကြပ်ရေး ထောက်လှမ်းရေးဆိုင်ရာ ဆွေးနွေးပွဲ (AIIF) အစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ် Lake View Hall ၌ ဆက်လက်ကျင်းပရာ အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မြင့်နှင့် တာဝန်ရှိသူများ၊ အစည်းအဝေးတက်ရောက်လာကြသည့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးကို အစီအစဉ်များအတိုင်း ကျင်းပခဲ့ပြီးနောက် ညနေပိုင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)



# ပင်လည်ဘူး အထက မြတ်ဆရာပူဇော်မည်

**ပင်လည်ဘူး ဒီဇင်ဘာ ၁၄**

ပင်လည်ဘူးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားဆရာကြီး၊ ဆရာမကြီးတို့အား တပည့်များက စုပေါင်း၍ ဆဌမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နံနက် ၁၁ နာရီတွင် အဆိုပါကျောင်း ဦးအောင်မြတ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ (ပညာရေး)

# မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း ဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း(ဗဟို)၏ စီစဉ်မှုဖြင့် ပညာရပ်ဆိုင်ရာ ဟောပြောပွဲကို ဒီဇင်ဘာ ၁၉ ရက် (တနင်္ဂနွေနေ့)တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ Panda Hotel ၌ ကျင်းပမည်ဖြစ်သည်။ ဟောပြောပွဲတွင် ဒေါက်တာဇော်ဝင်းထွန်းက Dental Management of Obstructive Sleep Apnoca ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါက်တာ တင်လတ်က Orthodontics for General Practice ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူ သွားဘက်ဆိုင်ရာ ဆရာဝန်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# အမျိုးသားစာကြည့်တိုက်(နေပြည်တော်)၌ ထားရှိမည့် Special Collection Corner အတွက် စာအုပ်များလှူဒါန်းရန် ဖိတ်ခေါ်

**နေပြည်တော် ဒီဇင်ဘာ ၁၄**

အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ကို မကြာမီဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ အမျိုးသားစာကြည့်တိုက်အသစ်ကြီး၌ Special Collection အခန်းဖွဲ့စည်းပြီး အလှူရှင်များ လှူဒါန်းသည့်စာအုပ်များအား Special Collection Corner အဖြစ် သီးခြားစင်များဖြင့် ထားရှိသွားရန် စီစဉ်ထားသည်။

စာပေကိုချစ်မြတ်နိုးပြီး စာအုပ်များစုဆောင်းထားသူများအနေဖြင့် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ရှိ Special Collection Corner တွင် လာရောက်ထားရှိလှူဒါန်းခြင်းအားဖြင့် မိမိတို့ အနှစ်နှစ်အလလက စုဆောင်းထားသော စာအုပ်စာတမ်းများကို မပျောက်ပျက်အောင် ဆောင်ရွက်နိုင်မည့်အပြင် သားစဉ်မြေးဆက်လည်း ဆက်လက်ဖြည့်စွက် လှူဒါန်းထားရှိသွားနိုင်ကြောင်း၊ လာရောက်လှူဒါန်းမည့် စာအုပ်များကို သီးခြားစာအုပ်စင်များတွင် ဘာသာရပ်ခွဲခြား၍ လှူဒါန်းသူများအမည်ဖြင့် Special Collection အဖြစ် ထိန်းသိမ်းစောင့်ရှောက်ထားပေးမည်ဖြစ်ကြောင်း၊ လှူဒါန်းလိုသူများသည် ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၈၀၃၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ပြတိုက်နှင့် စာကြည့်တိုက်များ) ဖုန်း-၀၆၇-၄၀၈၂၁၈၊ ညွှန်ကြားရေးမှူး အမျိုးသားစာကြည့်တိုက်(နေပြည်တော်) ဖုန်း-၀၆၇-၄၀၈၀၂၉၊ ညွှန်ကြားရေးမှူး အမျိုးသားစာကြည့်တိုက်(ရန်ကုန်) ဖုန်း-၀၁-၆၆၂၄၇၀ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်သည်ဟု ဖိတ်ခေါ်ထားကြောင်း သိရသည်။

(သတင်းစဉ်)




## မီးဘေးကာကွယ်ရေးဆိုင်းဘုတ်စိုက်ထူ

**ရန်ကင်းမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေး ဆိုင်းဘုတ်တင်ပွဲကို ဒီဇင်ဘာ ၁၂ ရက်က ကံဘဲ့ဘူတာဈေး၌ ပြုလုပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးကောင်စီဥက္ကဋ္ဌ ဦးဝင်းအောင်၊ မြို့နယ်အရန်မီးသတ် ဒုတိယတပ်ရင်းမှူး ဦးမျိုးမြင့်နှင့် တပ်ဖွဲ့ဝင်များ၊ အမှတ်(၁၁)နှင့် အမှတ် (၁၂)ရပ်ကွက် ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဈေးသာယာရေးကော်မတီဝင်များ စုပေါင်းစိုက်ထူကြစဉ်။** (၃၅)

# ဗဟန်းမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြို့မရပ်ကွက် ဗဟန်း (၁)လမ်း အမှတ်(၂၄)၌ ယမန်နေ့ည ၇ နာရီ ၂၅ မိနစ်က အိပ်ခန်းအတွင်း လေအေးပေးစက် Safeguard အပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ မီးသတ်တပ်ဖွဲ့ဝင်များ အချိန်မီရောက်ရှိ၍ မီးငြိမ်းသတ်ခဲ့ရာ ည ၇နာရီ မိနစ် ၄၀တွင် မီးငြိမ်းသွားကာ အိပ်ခန်းမျက်နှာကြက်နှင့် အိပ်ခန်းတွင်းပစ္စည်းအချို့ မီးလောင်ကျွမ်းဆုံးရှုံးခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။ (သတင်းစဉ်)

**(၁၄)ကြိမ်မြောက် အာဆီယံ လူဝင်မှုကြီးကြပ်ရေး ညွှန်ကြားရေးမှူးချုပ်များနှင့် ကောင်စစ်ရေးရာဌာနမှူးများ အစည်းအဝေးနှင့် (၆)ကြိမ်မြောက် အာဆီယံ လူဝင်မှုကြီးကြပ်ရေး ထောက်လှမ်းရေးဆိုင်ရာဆွေးနွေးပွဲ အစည်းအဝေးကို နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ် Lake View Hall ၌ ဆက်လက်ကျင်းပစဉ်။**

(သတင်းစဉ်)



## ကျိုက်လတ်မြို့နယ်တွင် မိုးစပါးစံကွက်ရိတ်သိမ်း

**ကျိုက်လတ် ဒီဇင်ဘာ ၁၄**

ဖျာပုံခရိုင် မြေစာရင်းဦးစီးဌာနမှူး ဦးခင်စိုးနှင့် ကျိုက်လတ်မြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးတင်ဝင်းတို့ ပါဝင်သော အဖွဲ့သည် နိုဝင်ဘာ ၂၇ ရက်က ကျိုက်လတ်မြို့နယ် လှည်းဆိပ်ကျေးရွာအုပ်စု ကွင်းအမှတ်(၁၁၁-က)ကရင်ကဲကွင်း ဦးပိုင်အမှတ်(၁၅/၁) တောင်သူ ဦးမျိုးမြင့်၏လယ်မြေ၌ ဆင်းသွယ်လတ်စပါးမျိုးကို မိုးစပါးစံကွက်ရိတ်သိမ်းရာ တစ်ဧက စပါးအခြောက် ၇၀ ဒသမ ၄၄ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။**(အပေါ်ပုံ)** (မြို့နယ်မြေစာရင်း)

## မိုးစပါးရိတ်သိမ်းမှုနှင့် နွေစပါးစိုက်ပျိုးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ရေစကြို ဒီဇင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်စိုးသည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးသန်းစိန်၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်ထွေးနှင့် မြို့နယ်(စိုက်တိုးမြှင့်) အဖွဲ့ဝင်များနှင့်အတူ ဒီဇင်ဘာ ၇ ရက် နံနက်က ရွှေချောင်း၊ သမန္တပို့၊ ချစ်သူလျှပ်စစ်မြစ်ရေတင်ရေသောက်ဧရိယာများအတွင်း စိုက်ပျိုးထားသည့် မိုးစပါးများရိတ်သိမ်းနေမှုနှင့် နွေစပါးများ အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် တောင်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆက်လက်၍ ပည္စင်း၊ ထန်းချောင်း၊ ထန်းဆယ်ပင်ဒေသ မြေအောက်ရေဖြင့် စိုက်ပျိုးထားသည့် မိုးစပါးများ ရိတ်သိမ်းနေမှုများကို ကြည့်ရှုကြပြီး အလေအလွင့်နည်းပါးရေး၊ အမိုးအကာအောက် ရောက်ရှိရေးနှင့် နွေစပါး အချိန်မီစိုက်ပျိုးနိုင်ရေး အတွက် တောင်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ (၃၇၄)



**ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရေပြာ-မြို့တွင်းလမ်း(ကျေးလက်) မြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးတင်ကိုကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

## နှစ်ပတ်လည်အစည်းအဝေးများ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ ဦးဆောင်မှုအောက်တွင် ဖွဲ့စည်းထားသော မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်၊ ငါးရှဉ့်လုပ်ငန်းရှင်များအသင်းနှင့် ကဏန်းလုပ်ငန်းရှင်များ အသင်းတို့၏ နှစ်ပတ်လည်အစည်းအဝေးများကို ဒီဇင်ဘာ ၁၉ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပမည်ဖြစ်၍ အဆိုပါအသင်းငါးသင်းမှ အသင်းဝင်များသည် ဖိတ်စာရသည်ဖြစ်စေ၊မရသည်ဖြစ်စေ တက်ရောက်ကြပါရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မူးယစ်ဆိုက ဆန့်ကျင်ကြ



**ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(အခွန်) ဒေါ်နိုင်နိုင်မော်နှင့်အဖွဲ့ အဖွဲ့ပိုင်မြို့မဈေးအတွင်း အသားဆိုင်များ ယင်လုံဆန်ခါဖြင့် ရောင်းချခြင်းရှိ၊ မရှိ စစ်ဆေးစဉ်။** (သတင်းစဉ်)

## မြို့နယ်သတင်းများ

## ကွန်ပျူတာကျွမ်းကျင်မှုအထူးသင်တန်း ဖွင့်လှစ်

**ဖျာပုံ ဒီဇင်ဘာ ၁၄**

MCC ဖျာပုံ ကွန်ပျူတာကျွမ်းကျင်မှု အထူးသင်တန်းက ကနိပရဟိတဂေဟာမှ မိဘမဲ့ကလေးများအတွက် ပညာဒါနအဖြစ် ကွန်ပျူတာကျွမ်းကျင်မှု အထူးသင်တန်းဖွင့်ပွဲကို ဖျာပုံမြို့နယ် ကနိကျေးရွာ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၌ နိုဝင်ဘာ ၁၉ ရက် နံနက်က ကျင်းပသည်။

ဖွင့်ပွဲတွင် ဖျာပုံမြို့နယ် ကနိကျေးရွာ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညိုမြင့်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး MCC ဖျာပုံမြို့ ကွန်ပျူတာကျွမ်းကျင်မှုအထူးသင်တန်း တာဝန်ခံ ဦးတိုးတိုးက သင်တန်းနှင့်ပတ်သက်သည့် စည်းကမ်းချက်များကို ရှင်းလင်းတင်ပြသည်။**(အောက်ပုံ)** (၁၆၈)




# မန္တလေးတိုင်းဒေသကြီး ဥက္ကဋ္ဌဒိုင်း မြို့နယ်ပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ဆုချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၁၄

**၂၀၁၀ ခုနှစ် မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဒိုင်း မြို့နယ်ပေါင်းစုံ အလွတ်တန်းဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို နိုဝင်ဘာ ၂၃ရက် ညနေ ၃ နာရီက မန္တလေးမြို့ ဗထူးအားကစားကွင်း၌ တပ်ကုန်းမြို့နယ်ဘောလုံးအသင်းနှင့် အမရပူရမြို့နယ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တပ်ကုန်းမြို့နယ်ဘောလုံးအသင်းက ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။**

အနိုင်ရဗိုလ်စွဲသွားသော တပ်ကုန်းမြို့နယ် ဘောလုံးအသင်းအား မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်က ပထမငွေသားဆုနှင့် တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်ရာ တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းနိုင်နှင့် မြို့နယ်အား/ကာ ဦးစီးအရာရှိ ဦးခင်မောင်အေးတို့က လက်ခံရယူကြသည်။ (၅၆၄)

**ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် လွယ်ဂျယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ရေပေးရေးဆောင်ရွက်ရန်အတွက် ပစ္စည်းများ စုဆောင်းမှုကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်ခွဲတာဝန်ခံ ဦးစောသီဟနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမိုင်းရင်တို့ ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)



## ကျောင်းကုန်းမြို့ အလက(ခွဲ)အောက်ပိုင်း ယခင် ပြည်တော်သာကျောင်း အာစရိယပူဇော်မည်

**ကျောင်းကုန်း ဒီဇင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့ ပြည်တော်သာကျောင်း ယခုအလက(ခွဲ)အောက်ပိုင်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၁ခုနှစ် ဇန်နဝါရီ ၄ရက် မွန်းတည့် ၁၂နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် ဦးသိန်းဝင်း (ရန်ကုန်) ဖုန်း-၀၁-၇၃၁၁၅၁၂၅၊ ဦးသိန်းဟန်(ရန်ကုန်) ဖုန်း-၀၁-၇၃၀၁၉၆၅၉၊ ဦးချစ်ကြည်(ရန်ကုန်) ဖုန်း-၀၁-၇၃၀၈၉၆၁၉၊ ဦးသိန်းထွန်း(ကျောင်းကုန်း) ဖုန်း-၀၉-၈၅၇၂ ၃၆၄၊ ဦးမောင်မောင်(ကျောင်းကုန်း) ဖုန်း- ၀၉-၈၅၇၂၅၀၆၊ ဦးစိုးလွင်(ကျောင်းကုန်း) ဖုန်း-၀၉-၈၅၇၂၃၀၆၊ ဦးမျိုးမြင့်(ကျောင်းကုန်း) ဖုန်း-၀၄၆-၄၀၀၄၇၊ ဦးမောင်ဖုန်း (ကျောင်းကုန်း) ဖုန်း-၀၄၆-၄၀၁၈၉ နှင့် ဦးစိန်သန်းဦး(ကျောင်းကုန်း) အလက(ခွဲ)အောက်ပိုင်း ကျောင်းအုပ်ဆရာကြီး ဖုန်း-၀၄၆-၄၀၃၉၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## ဇလွန်မြို့နယ် မိုးစပါးစံကွက်ရိတ်သိမ်း

**ဇလွန် ဒီဇင်ဘာ ၁၄**

ဟင်္သာတခရိုင် ဇလွန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမြင့်သိန်း၊ ဟင်္သာတခရိုင် မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်၊ မြို့နယ်မြေစာရင်းဦးစီးအရာရှိ ဦးတင်ဝင်း၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးတိုးဝင်း၊ စက်မှုလယ်ယာဦးစီးမှူး ဦးညိမ်းသောင်းနှင့် မြေစာရင်းဝန်ထမ်းများသည် နိုဝင်ဘာ ၂၅ရက်က မေရိလန်းကျေးရွာအုပ်စု ကွင်းအမှတ် (၁၈၄၁ ဒသမ ၈) ဦးပိုင်အမှတ်(၁၈/၁) လယ်နှစ်ဧကရှိ တောင်သူ ဒေါ်အမာကြည်၏ လယ်မြေတွင် ရွှေဝါထွန်းစပါးမျိုးကို စံကွက်ရိတ်သိမ်းရာ တစ်ဧက ၁၀၁ ဒသမ ၇၄ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)** (မြို့နယ် ပြန်/ဆက်)



## အထက(၁) သထုံ အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

သထုံ အထက(၁)၌ ပညာသင်ကြားပေးခဲ့ကြသည့် အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ရက် (စနေနေ့) ညနေ ၃ နာရီတွင် အဆိုပါကျောင်း နဝဒေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ အသက်(၆၀)အထက် ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ စုံညီစွာ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများကို ဦးခင်မောင်ဝင်း ဖုန်း-၀၁-၅၃၅၄၁၂၊ ၀၉-၅၁၃၅၇၇၂၊ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်(ငြိမ်း) ဖုန်း-၀၁-၆၅၂၁၃၅၊ ၀၉-၅၅၅၇၇၈၊ ဒေါ်ညိုညိုအောင်-ဦးကျော်ကျော်အောင် ဖုန်း-၀၁-၆၅၅၁၂၇၊ ၀၉-၈၇၂၀၉၀၅၊ ဒေါ်စံပယ်လွင် ဖုန်း-၀၁-၅၇၉၁၇၁၊ ဦးစိုးမင်း-ဒေါ်ရီမာအေး ဖုန်း-၀၁-၅၄၂၀၉၃၊ ဦးသက်အောင် ဖုန်း-၀၁-၃၈၅၂၂၃၊ ဦးသက်အောင်(မန္တလေး) ဖုန်း-၀၉-၆၈၀၃၃၁၃၊ ဒေါ်ခင်မာအေး၊ ဒေါ်ရီရီအေး (သထုံ) ဖုန်း-၀၅၇-၄၀၄၃၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# ၂၀၁၀ခုနှစ် (၃၆)ကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၄

**၂၀၁၀ ခုနှစ် (၃၆)ကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၁ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် တက်ရောက်ဆုပေးအပ်ချီးမြှင့်သည်။**

ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမြန်ရွှေ့ စစ်တုရင်ပြိုင်ပွဲ၊ တတိယတန်း၊ ဒုတိယတန်းနှင့် ပထမတန်း ပြိုင်ပွဲတို့တွင် အကောင်းဆုံး ကစားခုံဆုများနှင့် အသင်းလိုက် စစ်တုရင်ပြိုင်ပွဲဆုများကို မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီတို့က ပေးအပ်ချီးမြှင့်ကြသည်။

### ဆုများချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က အမြန်ရွှေ့ အသင်းလိုက် စစ်တုရင်ပြိုင်ပွဲ ပထမဆုရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ တတိယတန်း အသင်းလိုက် စစ်တုရင်ပြိုင်ပွဲတွင် ပထမဆုရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန(က)အသင်း၊ ဒုတိယတန်း အသင်းလိုက် စစ်တုရင်ပြိုင်ပွဲတွင် ပထမဆုရ ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

### တံခွန်စိုက်ဒိုင်း

ယင်းနောက် ပထမတန်း အသင်းလိုက် စစ်တုရင်ပြိုင်ပွဲတွင် ပထမဆုရ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် စွယ်စုံ တံခွန်စိုက် ဒိုင်းဆုရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့အား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌကိုယ်စား အထွေထွေအတွင်းရေးမှူးက ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



၂၀၁၀ခုနှစ် (၃၆)ကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ စစ်တုရင်ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားတွင် ဒုတိယတန်း အသင်းလိုက် စစ်တုရင်ပြိုင်ပွဲ၌ ပထမဆုရရှိသော ပြည်ထဲရေးဝန်ကြီးဌာန အသင်းအား မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင် တံခွန်စိုက်ဒိုင်းဆုချီးမြှင့်စဉ်။ (မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်)

# မြန်မာနိုင်ငံအထက်ပိုင်းဒေသများ ညအပူချိန်လျော့နည်းမည်

နေပြည်တော် ဒီဇင်ဘာ ၁၄

**ယနေ့ နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိလျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် သုည ဒီဂရီစင်တီဂရိတ်နှင့် မချမ်းဘောမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**ဒီဇင်ဘာ ၁၅ ရက် ညနေထိခန့်မှန်းချက်။** ။ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ လှိုင်းအသင့်အတင့် ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ ဆက်လက်လျော့နည်းနေမည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။
**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။
**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ကြေးမုံ The Mirror — နိုင်ငံတကာ အားကစားသတင်းများ နိုင်ငံတကာ အားကစားသတင်းများ နိုင်ငံတကာ အားကစားသတင်းများ

# အာဆင်နယ်ကို အနိုင်ရသည့်မန်ယူ အမှတ်ပေးဇယားကို ဦးဆောင်

ဝင်းတင် (ကြေးမုံ)

မန်ချက်စတာ ဒီဇင်ဘာ ၁၄

**အင်္ဂလိပ်ပရီမီယာလိဂ်ပွဲစဉ်(၁၇)၏ လက်ကျန်ပွဲစဉ်အဖြစ် အင်္ဂါနေ့ နံနက်ပိုင်းက အိုးထရက်ဖို့ဒ်၌ မန်ယူနှင့် အာဆင်နယ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင်မန်ယူက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။**

အိမ်ရှင်မန်ယူအသင်း၏ ပထမပွဲထွက်လူစာရင်းတွင် တိုက်စစ်မှူး ဘာဘာတော့ဗ် ပါဝင်လာခြင်းမရှိဘဲ ဝိန်းရွန်နေး၊ နာနီ၊ ပက်ဂျီဆန်၊ အန်ဒါဆန်၊ မိုက်ကယ်ကာရစ်၊ ဖလက်ချာ၊ ဗီဒစ်၊ ဖာဒီနန်၊ အီဗရာ၊ ဆေးလ်ဗားနှင့် ဗန်ဒါဆားတို့ဖြင့် ပွဲထွက်လာခဲ့သည်။ ဧည့်သည် အာဆင်နယ်အသင်းတွင် နာဆရီ၊ ဆောင်း၊ ရှီဆစ်စကီး၊ ဝီရှိုင်းယား၊ ချာမက်ခ်၊ အာရှာဗင်တို့ဖြင့် အကောင်းဆုံးပုံစံရအောင် ကြိုးစားလာခဲ့သည်။ ပထမပိုင်းစသည်နှင့် မန်ယူအသင်း၏ ထိုးဖောက်မှုက လျင်မြန်သကဲ့သို့ အာဆင်နယ်ကလည်း အကွက်စိစိဖြင့် ပြန်လည်ထိုးဖောက် တိုက်စစ်ဆင်နိုင်ခဲ့သည်။ အာဆင်နယ်လူငယ်များသည် သမ္မာနုနယ်သော်လည်း မန်ယူကို ခြေရည်တူ တုံ့ပြန်ကစားနိုင်ခဲ့သည်။ သို့သော် ပထမပိုင်း ၄၁ မိနစ်တွင် မန်ယူအသင်း၏ ဦးဆောင်ဂိုးကို ခွင့်ပြုလိုက်ရသည်။ ယင်းဂိုးမှာ ညာခြမ်းက နာနီ၏ ဖြတ်တင်ဘောကို ပက်ဂျီဆန်က နောက်တန်းတစ်ဦးနှင့် ခေါင်းယှဉ်တိုက်၍ သွင်းယူခဲ့ခြင်းဖြစ်သည်။



**အာဆင်နယ်ဘက်သို့ဂိုးသွင်းပြီးနောက် အောင်ပွဲခံနေသည့် မန်ယူမှ ပက်ဂျီဆန်နှင့် နာနီ။**

ဒုတိယပိုင်းတွင် ဧည့်သည်အာဆင်နယ်အသင်းက ခြေအသာ၊ ကစားကွက်အသာဖြင့် မန်ယူဘက်သို့ ထိုးဖောက်တိုက်စစ်ဆင်လာနိုင်ခဲ့သည်။ ချေပဂိုးသွင်းယူနိုင်ခြင်းမရှိသည့် အာဆင်နယ်သည် ရှီဆစ်စကီးအစား ဖာဘရီဂက်စ်၊ ဝီရှိုင်းယားအစား ဗန်ပါစီ၊ အာရှာဗင်အစား ဝေါလ်ကော့တို့ကို ထည့်သွင်းကစားစေခဲ့သည်။ အာဆင်နယ်တို့ လူစားလဲပြီး ကစားအားတင်နေချိန်တွင် မန်ယူအသင်းက တန်ပြန်တိုက်စစ်ဆင်ခဲ့ရာ အာဆင်နယ်အသင်း၏ ဂိုးဧရိယာအတွင်းတွင် ကလစ်ချီ ဘောလုံးကို လက်ဖြင့်ထိခဲ့၍ ပယ်နယ်တီပေးခဲ့ရသည်။ ယင်းပယ်နယ်တီကို မန်ယူတိုက်စစ်မှူး ဝိန်းရွန်နေးကန်သွင်းရာ ဂိုးဘားတန်း အတော်များများ ကျော်သွားခဲ့ရာ မန်ယူတို့ နောက်ထပ်တစ်ဂိုး နစ်နာခဲ့ရသည်။ မန်ယူအသင်းသည် ယခုပွဲ အနိုင်ရခြင်းကြောင့် တစ်ပွဲလျော့ ၃၄ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ကို ဦးဆောင်လာနိုင်ခဲ့သည်။ ယခုပွဲအား မန်ယူကစားသမားဟောင်း ဒေးဗစ်ဘက်ခမ်း လာရောက်ကြည့်ရှုခဲ့ပြီး စုစုပေါင်းပရိသတ် ၇၅၂၂၇ ဦး လာရောက်အားပေးခဲ့ကြသည်။

***အင်တာနက်။***

# ဘလက်ဘန်းနည်းပြ ဆမ်အလာဒိုက် ထုတ်ပယ်ခံရ

**လန်ဒန် ဒီဇင်ဘာ ၁၄**

အိန္ဒိယစီးပွားရေးလုပ်ငန်းရှင် ညီနောင်ဖြစ်သည့် ဘလာဂျီရီယိုနှင့် ဗင်ကာတက်စ်ရီယိုတို့ ပိုင်ဆိုင်သော ဘလက်ဘန်းအသင်းမှ နည်းပြဆမ်အလာဒိုက်မှာ အင်္ဂါနေ့က ရာထူးမှ ထုတ်ပယ်ခံလိုက်ရပြီ ဖြစ်သည်။



ဘလက်ဘန်းအသင်းသည် ပွဲစဉ်(၁၇)တွင် ဘော်လ်တန်ကို ရှုံးနိမ့်ပြီးနောက် ရမှတ် ၁၉ မှတ်ဖြင့် အဆင့်(၁၃)တွင်သာ ရပ်တည်နိုင်သည်။ လတ်တလောအချိန်တွင် ဘလက်ဘန်းအသင်းကို စတိဗ်ကိန်းက ယာယီတာဝန်ယူနေပြီး ဘလက်ဘန်းနည်းပြနေရာအတွက် ရေပန်းစားနေသူများမှာ စပါးနည်းပြဟောင်း မာတင်ဂျိုး၊ အလန်ရှီးယား၊ ခရစ်စ်ကိုးမင်း၊ စတူးဝပ်ပီရစ်နှင့် နယူးကာဆယ်နည်းပြဟောင်း ခရစ်စ်ဟောက်တန်တို့ပင်ဖြစ်သည်။

***အင်တာနက်။***

**ရုတ်တရက်ထုတ်ပယ်ခံလိုက်ရသည့် ဘလက်ဘန်းနည်းပြဆမ်အလာဒိုက်။**

# အင်္ဂလန်အား ၂၀၁၈ ကမ္ဘာ့ဖလားကျင်းပခွင့်အတွက် ပံ့ပိုးခဲ့သည့် ကုမ္ပဏီက ဖီဖာထံမှ လျော်ကြေးရယူလို

**လန်ဒန် ဒီဇင်ဘာ ၁၄**

၂၀၁၈ ကမ္ဘာ့ဖလားကျင်းပခွင့်အား ယှဉ်ပြိုင်လျှောက်ထားရာတွင် ရှုံးနိမ့်ခဲ့သည့် အင်္ဂလန်၏ စပွန်ဆာကုမ္ပဏီတစ်ခုက မမျှတသည့် ရွေးချယ်မှုစနစ်အတွက် ဖီဖာထံမှ လျော်ကြေး ပေါင် တစ်သန်း တောင်းယူမည်ဟုဆိုသည်။

အင်္ဂလန်အား ပံ့ပိုးကူညီပေးခဲ့သည့် မော်ရစ်ဆင်စူပါမားကတ် အုပ်စုသည် လျော်ကြေးတောင်းယူနိုင်ရန် ဖြစ်နိုင်မည့် နည်းလမ်းများ ရှာဖွေထားရန် ဖီဖာအခြေစိုက်ရာ ဆွစ်ဇာလန်မှ ရှေ့နေများကို ညွှန်ကြားထားသည်။

မော်ရစ်ဆင်၏ အမှုဆောင်ချုပ် အယ်လ်တန်ဖီးလစ်ကလည်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဆပ်ဘလတ္တာထံသို့ ဖီဖာတာဝန်ရှိသူတို့သည် ကမ္ဘာ့ဖလားပြိုင်ပွဲကို တစ်ကြိမ်မျှ မကျင်းပသေးဖူးသည့် နိုင်ငံများတွင် ကျင်းပရန် ဆန္ဒရှိနေခဲ့သည့်အတွက် ရွေးချယ်သည့် လုပ်ငန်းစဉ်သည် မျှတမှုမရှိကြောင်း ဖော်ပြထားသည့်စာ ပေးပို့ထားသည်။ ၂၀၁၈ အိမ်ရှင်ကျင်းပခွင့်ကို ရုရှားက ရရှိသွားပြီး ၂၀၂၂ ကမ္ဘာ့ဖလားကျင်းပခွင့်ကိုမူ ကာတာမှ ရရှိခဲ့သည်။

မော်ရစ်ဆင်မှ ဒါရိုက်တာတစ်ဦးဖြစ်သူ ရစ်ချက်တေလာက “FA အဖွဲ့က စိတ်လှုပ်ရှားစရာကောင်းတဲ့ လျှောက်ထားမှုတစ်ခု ပြုလုပ်ခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ ၂၀၁၈ ကမ္ဘာ့ဖလားကို နိုင်ငံသစ်တစ်ခုမှာ ကျင်းပလိုတဲ့ ဖီဖာက ကျွန်တော်တို့ရဲ့ ကြိုးပမ်းမှုတွေကို အသိအမှတ်မပြုခဲ့တဲ့အတွက် ဖောက်သည်တွေနဲ့ ထပ်တူစိတ်ပျက်ရပါတယ်”ဟု ဆိုသည်။

“ဆုံးဖြတ်ချက်ချတဲ့ လုပ်ငန်းစဉ်ဟာ မမျှတဘူးလို့ ယူဆတဲ့အတွက် ဆွစ်ဥပဒေအရ ဘယ်လိုဆောင်ရွက်နိုင်မလဲဆိုတာ စုံစမ်းထားဖို့ ဆွစ်ဇာလန်က ရှေ့နေတွေကို ညွှန်ကြားထားပါတယ်” ဟု ၎င်းကဆိုသည်။

ဖီဖာဥက္ကဋ္ဌ ဘလတ္တာကမူ“ပြိုင်ပွဲကျင်းပခွင့် ဆုံးရှုံးပြီးတဲ့နောက်မှာ အင်္ဂလိပ်တွေ အားလုံးဝိုင်းပြီး စောဒကတက်နေကြတဲ့အတွက် အံ့ဩရပါတယ်။ Fair play အယူအဆတွေရဲ့ ဇာတိချက်ကြွေဟာ အင်္ဂလန်ပါဆိုတာတောင် ယုံရခပ်ခက်ခက်ပါပဲ။ အခုတော့ တချို့အင်္ဂလိပ်တွေက သူတို့ကိုယ်သူတို့ အဆိုးရွားဆုံး ရှုံးနိမ့်သူတွေဖြစ်ကြောင်း ပြသနေကြပါပြီ”ဟု ဆိုသည်။

**အင်တာနက်။**

# မန်စီးတီးကို စွန့်ခွာမည်ဖြစ်ကြောင်း တီဗက်ဇ်ပြောကြား

**လန်ဒန် ဒီဇင်ဘာ ၁၄**

ကားလို့စ်တီဗက်ဇ်သည် နွေရာသီမှစပြီး မန်စီးတီးအသင်းမှထွက်ခွာလိုကာအသင်း အမှုဆောင်အဖွဲ့နှင့် ၎င်း၏ ဆက်ဆံရေးမှာ ပြိုကွဲပြီး ပြန်လည်ပြုပြင်ရန် မရနိုင်ကြောင်း ထုတ်ဖော်ပြောကြား ပြီးနောက် ၎င်းနှင့် မန်စီးတီးတို့ ဆက်ဆံရေးမှာ ပြန်လည်ကောင်းမွန်လာဖွယ်ရာမရှိကြောင်း မန်စီးတီးအသင်းမှ ထုတ်ပြန်သော သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အသင်းမှထွက်ခွာလိုသည့် အကြောင်းမှာ နည်းပြရော်ဘတ်တို မန်စီနီနှင့် ပုဂ္ဂိုလ်ရေးရာကိစ္စကြောင့် မဟုတ်ကြောင်း၊ ငွေကြေးကိစ္စကြောင့်လည်း မဟုတ်ကြောင်း၊ သို့ရာတွင် ပြန်လည်စိတ်ပြောင်းတော့မည် မဟုတ်ကြောင်း တီဗက်ဇ်က ပြောကြားခဲ့သည်။

တီဗက်ဇ်၏အသင်းမှ ထွက်ခွာမည့် ဆုံးဖြတ်ချက်မှာ အာဂျင်တီးနား၌ ၎င်း၏ မိသားစုနှင့် ခွဲနေရခြင်းထက် ငွေကြေးကိစ္စရပ်ကြောင့်လားဆိုသည်ကို မန်စီးတီးအသင်းက မေးခွန်းထုတ်လျက်ရှိသည်။

တီဗက်ဇ်၏ အပြောင်းအရွှေ့နှင့် ပတ်သက်ပြီး ၎င်း၏ လူသိရှင်ကြား ထုတ်ဖော်ပြောကြားချက်နှင့် အသင်း၏ ပြောကြား ချက်မှာ အလွန်ကွဲပြားနေကြောင်း၊ ပြီးခဲ့တဲ့သည့်လက အသင်းနှင့် ပြန်လည်စေ့စပ်ဆွေးနွေးလိုကြောင်း၊ ၎င်း၏ စာချုပ်သက်တမ်းကို တိုးမြှင့်လိုကြောင်း တီဗက်ဇ်ကိုယ်စားလှယ်၏ တောင်းဆိုချက်များစွာကို မန်စီးတီးအသင်းမှ ရရှိခဲ့သည်။



**မန်စီးတီးတွင် မပျော်တော့သည့် တီဗက်ဇ်။**

အသင်း၏ ပေါ်လစီအရ နှစ်လယ်ရာသီ၌ စာချုပ်သက်တမ်းတိုးမြှင့်မည့် ကိစ္စကို မဆွေးနွေးလိုကြောင်း၊ သို့ဖြစ်၍ အဆိုပါ တောင်းဆိုချက်များကို ခွင့်မပြုခဲ့ကြောင်း၊ တီဗက်ဇ်နှင့် ငါးနှစ်သက်တမ်း စာချုပ်ချုပ်ဆိုရာ သုံးနှစ်ခွဲ ကျန်သေးကြောင်း၊ ၎င်းမှာအသင်း၌ လစာအများဆုံး ကစားသမားဖြစ်ကြောင်း ဖော်ပြထားသည်။

***အင်တာနက်။***

စိုးတင့်နိုင်

# တီဗက်ဇ်ကို မန်စီးတီးခြိမ်းခြောက်

**လန်ဒန် ဒီဇင်ဘာ ၁၄**

အာဂျင်တိုင်းသားဖြစ်သည့် မန်စီးတီး တိုက်စစ်မှူးတီဗက်ဇ်သည် မကြာမီ အသင်းမှ ထွက်ခွာတော့မည်ဟု သတင်းများ ထွက်ပေါ်ခဲ့မှုအပေါ် မန်စီးတီးအသင်းက ၎င်းအနေဖြင့် အသင်းကို ကျောခိုင်းသွားပါက တရားစွဲဆိုမည်ဟု ခြိမ်းခြောက်လိုက်ကြောင်း သိရသည်။

ယခုလောလောဆယ်တွင် တီဗက်ဇ်နှင့် နည်းပြမန်စီနီအကြား မပြေလည်မှုများ ရှိနေခြင်းကြောင့် တီဗက်ဇ်၏ အသင်းခေါင်းဆောင်ရာထူး ပြန်လည်ရုပ်သိမ်းခံရသည့်အပြင် အရန်အသင်းနှင့် လေ့ကျင့်ခန်း ဆင်းခိုင်းသည်အထိပင် ဖြစ်သည်။ တီဗက်ဇ်သည် မန်စီးတီးအသင်းက ချီးမြှင့်မည့် ဆုကြေးငွေ ပေါင် ၁ ဒသမ ၅ သန်းရရှိမည် ဖြစ်သော်လည်း ယင်းဆုငွေကို ငြင်းပယ်ကာ ဇန်နဝါရီ အပြောင်းအရွှေ့တွင် အသင်းမှ ထွက်ခွာခွင့် တောင်းထားသည်။ သို့သော် မန်စီးတီးအသင်း တာဝန်ရှိသူများက လုံးဝ ခွင့်ပြုမည်မဟုတ်ဘဲ တီဗက်ဇ် အနေဖြင့် ထိုကဲ့သို့ ပြုလုပ်ပါက တရားစွဲဆိုမည်အထိပင် ခြိမ်းခြောက်ခံနေရကြောင်း သတင်းများက ထပ်မံဖော်ပြထားသည်။

***အင်တာနက်။***

# ပွဲစဉ် (၁၇)အပြီး ထိပ်ဆုံး ၁၀ သင်းရပ်တည်မှု

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁ | မန်ယူ | ၁၆ | ၉ | ၇ | ၀ | ၃၄ |
| ၂ | အာဆင်နယ် | ၁၇ | ၁၀ | ၂ | ၅ | ၃၂ |
| ၃ | မန်စီးတီး | ၁၇ | ၉ | ၅ | ၃ | ၃၂ |
| ၄ | ချယ်လ်ဆီး | ၁၇ | ၉ | ၄ | ၄ | ၃၁ |
| ၅ | စပါး | ၁၇ | ၇ | ၆ | ၄ | ၂၇ |
| ၆ | ဘော်လ်တန် | ၁၇ | ၆ | ၈ | ၃ | ၂၆ |
| ၇ | ဆန်းဒါးလန်း | ၁၇ | ၅ | ၉ | ၃ | ၂၄ |
| ၈ | နယူးကာဆယ် | ၁၇ | ၆ | ၄ | ၇ | ၂၂ |
| ၉ | လီဗာပူး | ၁၇ | ၆ | ၄ | ၇ | ၂၂ |
| ၁၀ | ဘလက်ပူးလ် | ၁၆ | ၆ | ၄ | ၆ | ၂၂ |

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

## (၄၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦး တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဒီဇင်ဘာ ၁၄

**၂၀၁၀ ခုနှစ် (၄၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော် အမှတ်(၁) ဘောလုံးကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦး တက်ရောက်အမှာစကားပြောကြားသည်။**

အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ နာယက နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ လက်အောက်ခံတပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ စစ်တီးဝိုင်းနှင့် ဘင်ခရာအဖွဲ့ဝင်များ၊ နေပြည်တော်ခရိုင်အတွင်းရှိ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❍

**ယနေ့ ကြေးမုံ သတင်းအညွှန်း**



ချာနိုဘိုင်းလ် နျူကလီးယားဓာတ်ပေါင်းဖိုပေါက်ကွဲမှုဖြစ်ရာဒေသ ခရီးသွားများအတွက် ပြန်ဖွင့်မည်

စာမျက်နှာ - ၄

နိုင်ငံတကာ အားကစားသတင်းများ



မန်စီးတီးကို စွန့်ခွာမည် ဖြစ်ကြောင်း တီဗက်ဇ် ပြောကြား

စာမျက်နှာ - ၁၁

(၁၄-၁၂-၂၀၁၀)

**ထူးခြားသည့် ညအပူချိန်များ**

ဟားခါး
သုည ဒီဂရီစင်တီဂရိတ်
မချမ်းဘော
၆ ဒီဂရီစင်တီဂရိတ်

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် ညအပူချိန်များ ဆက်လက် လျော့နည်းနေမည်။

## အရှိန်ပြင်းမောင်းနှင်ခြင်း၊ စည်းကမ်းမလိုက်နာခြင်းတို့ကြောင့် ယာဉ်တိုက်မှုများ ပိုမိုဖြစ်ပွားရ ကွင်းဆင်းစစ်ဆေးပညာပေးမှုများ ကျေးရွာများအထိ လိုက်လံဆောင်ရွက်နေ

နေပြည်တော် ဒီဇင်ဘာ ၁၄

**ယခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ဒီဇင်ဘာလ ပထမပတ်အထိ နေပြည်တော်ခရိုင်အတွင်း ယာဉ်မတော်တဆဖြစ်ပွားမှုမှာ ယမန်နှစ်တစ်နှစ်လုံးဖြစ်ပွားမှုထက် အရေအတွက်ပိုမိုများပြားလာကြောင်း နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။**

နေပြည်တော်တွင် ကားလမ်းများ ကျယ်ပြန့်ကောင်းမွန်ပြီး မော်တော်ယာဉ်သုံးစွဲမှု ပိုမိုများပြားလာသကဲ့သို့ အရှိန်ပြင်းမောင်းနှင်မှုများလည်း ပိုမိုများပြားလာကြောင်း၊ သို့ရာတွင် ယာဉ်မောင်းများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိရှိမှုနှင့် လိုက်နာမှုအပိုင်းတွင် အားနည်းနေကြောင်း၊ ယခုနှစ်အတွင်း ယာဉ်တိုက်မှု ၃၁၃ မှု ဖြစ်ပွားခဲ့ရာတွင် သေဆုံးသူ

ဓာတ်ပုံ - ဇင်ဘိုမင်း(ကြေးမုံ)

၁၆၇ ဦးနှင့် ဒဏ်ရာရရှိသူ ၅၃၂ ဦးရှိကြောင်း၊ ယင်းယာဉ်တိုက်မှုများအနက် ၂၀၂ မှုမှာ အရှိန်ပြင်းမောင်းနှင်မှုကြောင့် ဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်းဖြင့် ကြေးမုံသတင်းစာတိုက်(နေပြည်တော်)တွင် ယနေ့မွန်းလွဲပိုင်းက ကျင်းပသော **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✳




**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ စိုက်ထူထားသော မော်တော်ဆိုင်ကယ်စီးနင်းသူများလိုက်နာရန် သတိပေးဆိုင်းဘုတ်ကို တွေ့ရစဉ်။**